# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၄)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

# နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ဆောင်ရွက်ကြိုးပမ်းနိုင်ရေး ရှေးရှု လွှတ်တော်ကိုယ်စားလှယ်များ စိတ်ချမ်းမြေ့ကျေနပ်စေရအောင် ဝိုင်းဝန်းကူညီပံ့ပိုး



**အမှာစကား ပြောကြား**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

**လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိအဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဝင်းကို၊ လွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် လွှတ်တော်အစည်းအဝေးများ၌ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုများကြောင့် အောင်မြင်အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သေးငယ်သော အခက်အခဲ အနည်းငယ်မျှသာ ကြုံတွေ့ခဲ့ရကြောင်း၊ အစစအရာရာ အဆင်ပြေချောမွေ့ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ လာမည့် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း လွှတ်တော်သို့ တက်ရောက်လာကြမည့် ကိုယ်စားလှယ်များ စားသောက်သွားလာရေး၊ နေထိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ဆောင်ရွက်ကြိုးပမ်းနိုင်စေရေးကို ရှေးရှုကာ လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြမည့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်ချမ်းမြေ့ကျေနပ်စေရအောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်မှု အခြေအနေ၊ လွှတ်တော်သို့ ပြည်တွင်းပြည်ပ သတင်းထောက်များ တက်ရောက်၍ သတင်းရယူရာတွင် ဆောင်ရွက်ပေးရမည့် အချက်အလက်များနှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အခြေအနေများအပေါ် အသိပေးဆောင်ရွက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး မောင်တောမြို့ရှိ ကယ်ဆယ်ရေးစခန်းများ၌ လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့်အဖွဲ့

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်းကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များနှင့် တာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် မောင်တောမြို့သို့ရောက်ရှိပြီး လတ်တလော မတည်ငြိမ်မှုကြောင့် ပြောင်းရွှေ့ရောက်ရှိနေသော ကျေးရွာသူ ကျေးရွာသားများ အခြေအနေနှင့် ပျက်စီးသွားသော ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာသို့ ရောက်ရှိကာ အဆိုပါကျေးရွာရှိ ပျက်စီးသွားသော နေအိမ် ၄၉ လုံးကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် လတ်တလော ဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဒေသအေးချမ်းတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးက ကျေးရွာသူ ကျေးရွာသားများအား နေအိမ်များ *စာမျက်နှာ ၇ ကော်လံ ၁* ▲

15-6 (01).pmd 1 6/15/2012, 1:30 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၅ ရက်)

# လူတစ်ဦးချင်းမှအစ ကြိုးစားအားထုတ်ကြပါမှ

၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲများ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် ကျင်းပလျက်ရှိပေသည်။ တစ်နှစ်တာအတွင်း ဆောင်ရွက်ရမည့်စီမံကိန်းတာဝန်များကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်ကြရန် တာဝန်ပေးအပ်နေခြင်း ဖြစ်ပေသည်။

အဆိုပါ စီမံကိန်းရည်မှန်းချက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး ဒေသတစ်ခုနှင့်တစ်ခု အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊ ဆင်းရဲမှုလျှော့နည်းကျဆင်းရေး၊ ပြည်သူတို့၏လူမှုဘဝမြှင့်တင်ရေး စသည်ဖြင့်ပါဝင်သည်။

ထို့အပြင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ စသည်ဖြင့်လည်း ပါဝင်မည်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များသည် ဌာနများအလိုက်သော်လည်းကောင်း၊ ကဏ္ဍများအလိုက်သော်လည်းကောင်း မျှော်မှန်းဆောင်ရွက်လျက်ရှိပေသည်။ စီမံကိန်းရည်မှန်းချက်များ ပြည့်ဝပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်သူတို့၏ လူမှုစီးပွားဘဝလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန်ကား အဓိကအားဖြင့် ဝန်ထမ်းများတွင် တာဝန်ရှိပေသည်။ စီမံကိန်းတာဝန်ပေးအပ်ခြင်းခံရသည့် ဌာနများအနေဖြင့် စီမံကိန်းရည်မှန်းချက်များ ပြည့်ဝစွာဆောင်ရွက်ရန် ဝန်ထမ်းတိုင်းက မိမိတို့ကျရာတာဝန်များကို ဦးထမ်းပဲ့ထမ်း တက်ညီလက်ညီ ကြိုးစားအားထုတ်သင့်ပေသည်။

ယနေ့ ဒီမိုကရေစီခေတ်ပြောင်းကာလတွင် လူတိုင်းသည် အလုပ်ကို ကြိုးစားအားထုတ် အလုပ်လုပ်ကြရမည့် အချိန်အခါဖြစ်သည်။ နေရာတိုင်းတွင် ကြိုးစားအားထုတ်နိုင်ပါမှ တော်ရာကျမည်။ သာမန်ကြိုးစားအားထုတ်မှုဖြင့် တိုးတက်မှုကို ရရှိရန်မလွယ်ပေ။ တိုးတက်နေသော ခေတ်ကိုအမီလိုက်နိုင်ရန် အလုပ်ကို နှစ်ဆသုံးဆကြိုးစားထားမှ အများနှင့်ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားအားထုတ်ကြရာ၌ တစ်နှစ်ကို လေးပိုင်းပိုင်းပြီး သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်လုပ်ကိုင်နေသည်ကို တွေ့ရ၏။ ယင်းတို့မှာ ပထမသုံးလ၊ ဒုတိယသုံးလ၊ တတိယသုံးလနှင့် စတုတ္ထသုံးလ စသည်တို့ဖြစ်သည်။ ထိုအပိုင်းအခြားတို့အလိုက် စီးပွားရေးတိုးတက်မှုများကို ရည်မှန်းချက်များအတိုင်းရရှိအောင် ကြိုးစားအားထုတ်ကြလေ့ရှိသည်။

သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရေးအတွက် လူတစ်ဦးချင်းမှအစပြု၍ အားလုံးဝိုင်းဝန်းကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များ ပြည့်ဝစွာဆောင်ရွက်နိုင်ပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝလည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။



## ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

**ကျောက်ဖြူ ဇွန် ၁၄**

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျစျေးသည်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက အမှုဆောင်အရာရှိ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် ချေးငွေကော်မတီဝင်များက ပုံကျစျေးသည်များ၏ သားသမီး ၁၀ ဦးကို ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းဝတ်စုံ တစ်စုံနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်အထိမ်းအမှတ် ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ပုသိမ် ဇွန် ၁၄**

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမဆိုင်ရာလှုပ်ရှားမှု စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချိုထွန်း၊ သမဝါယမအသင်းစုချုပ် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တိုင်းဒေသကြီးအတွင်း ဆုရမြို့နယ် ၁၀ မြို့နယ်မှ ဆုရရှိသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၅-၆-၂၀၁၂ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၂၅ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | နံနက်ခင်းသတင်း |
| ၇:၄၀ | ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်) |
| ၇:၅၀ | သံသာချိုအေးမင်္ဂလာတေး |
| ၈:၀၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈:၁၅ | ကြေးမုံရိပ်သွင် တေးနယ်ဉ် |
| ၈:၃၀ | အမှိုက်နှင့်သင့်တာဝန် |

**ညပိုင်း**

| | |
|---|---|
| ၄:၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး |
| | ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၅:၀၀ | မြန်မာစာ၊ မြန်မာစကား |
| ၅:၄၀ | **ရွှေချောင်းတံတားအောင်ပွဲ** |
| ၆:၀၀ | ညနေခင်းသတင်း |
| ၆:၁၅ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ရသစုံလင် အင်တာနက်ဉယျာဉ် |
| ၈:၀၀ | ပြည်တွင်းသတင်း |
| - | နိုင်ငံတကာသတင်းများ |
| - | မိုးလေဝသအခြေအနေ |
| - | **သနပ်ခါးပိုင်ရှင်** |

## ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်း

**ဖျာပုံ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများအား ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃ ရက် နံနက် ၁၁ နာရီက အဆိုပါပရဟိတဂေဟာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာသိန်းထွန်းဝင်း မိသားစုနှင့် အလှူရှင်များက ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထိုနေ့က ပေးအပ်လှူဒါန်းသည့် ဗလာစာအုပ်၊ စာရေးကိရိယာပစ္စည်းများ၏ တန်ဖိုးမှာ ငွေကျပ် ၃၂၀၀၀၀ ခန့်ရှိပြီး အဆိုပါအလှူရှင်များက ဂေဟာရှိ ကျောင်းသား ကျောင်းသူများ နေ့စဉ် နံနက်စာထမင်းကျွေးမွေးစရိတ် ငွေကျပ် ၆၀၀၀၀ ကို စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် နောင်ချိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နောင်ချို ဇွန် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ ရက်က သပြေရပ်ကွက်၌ကျင်းပရာ ကျောက်မဲခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုနှင့် ဌာနဆိုင်ရာများ၊ နောင်ချိုမြို့နယ်သစ်တောဦးစီးအရာရှိ ဦးတက်တိုးအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာပြည်သူများ စုစုပေါင်း အင်အား ၇၀၀ ကျော်တို့က ယူကလစ်၊ ခါတော်မီ၊ မဲဇလီ၊ ရေသင်းဝင်၊ ရေပိတုန်း စသော ပျိုးပင်စုစုပေါင်း အပင် ၄၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ဝန်ထမ်းများအတွက် တူညီဝတ်စုံများပေးအပ်

**မိုးမောက် ဇွန် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားပြီးနောက် ဝန်ထမ်း ၄၂ ဦးအား တူညီဝတ်စုံအတွက် ထောက်ပံ့ငွေကျပ် ၇၇၇၀၀၀ ကို ပေးအပ်ရာ ဝန်ထမ်းများမှ လက်ခံယူကြသည်။ ထို့နောက် ဝန်ထမ်းများအားလုံး၏ ကိုယ်စား ဒေါ်ဝင်းကြည် စာရေးအဆင့် (၁)မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

## ပုံကျစျေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်

**ဖျာပုံ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုံကျစျေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၉ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပုံကျစျေးသည် ၅၁ ဦး၏သားသမီးများအတွက် ကျောင်းဝတ်စုံ ၇၆ စုံကို မိဘများနှင့် ကျောင်းသား ကျောင်းသူများအား အသေးစားငွေကြေးဝန်ဆောင်မှုကော်မတီဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးမြင့်မောင်က ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၇၁)



## ရခိုင်ပြည်နယ် ပြည်သူများအတွက် ငွေလှူဒါန်း

**တာချီလိတ် ဇွန် ၁၄**

ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေကြောင့် နေအိမ်၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူများအတွက် တာချီလိတ်မြို့နယ် မြန်မာ့အလင်း သတင်းထောက် ဦးအောင်ဖြိုးရှိန်နှင့် မိတ်ဆွေများက စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၁၁၀၄၀၀၀ ကို ဇွန် ၁၃ ရက်က တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးမှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၀၆၀)

## ရွှေတောင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရွှေတောင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက မယားမာန်ကျေးရွာ ရွှေနတ်တောင်ဘုရားအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး **(အောက်ပုံ)**၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစည်သူလင်းတို့က လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ ပျိုးပင်များကို ဖြန့်ဝေပေးကြသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ရေတမာ၊ ယူကလစ် စုစုပေါင်းအပင် ၁၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**



◆ ရှေ့ဖုံးမှ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဧည့်ခံကျွေးမွေးရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဖြန့်ဝေပေးပို့သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှုများ**

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှုများ၏ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဒေါက်တာတင်ထွန်း | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) ဦးခင်မောင်ရီ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပြည်ပဧည့်သည်အဖွဲ့များ တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား Association of Vietnam Investment in Myanmar (AVIM) နှင့် Bank for Investment and Development of Vietnam (BIDV) ဥက္ကဋ္ဌ Mr. Tran Bac Ha ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E.Mr. Chu Cong Phung နှင့်အတူ ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း**(အောက်ဝဲပုံ)**၊ Singapore Business Federation (SBF) အမှုဆောင်အရာရှိ Mr. Ho Meng Kit ဦးဆောင်သော အဖွဲ့သည် နံနက် ၁၁ နာရီတွင်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံကြပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဥတုရာသီ တောက်ပို့မိုး၏

ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဇွန် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးယဉ်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသင်းနှင့် ကျောင်းအုပ်ဆရာကြီးတို့ကြီးကြပ်၍ မိုးပွင့်အဆင့်(၃) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)



| မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၄-၆-၂၀၁၂ | | |
|---|---|---|
| မြစ်ကြီးနားမြို့ ၉ ဒသမ ၆၅ လက်မ | စစ်တွေမြို့ ၄ ဒသမ ၃၇ လက်မ | တောင်ကုတ်မြို့ ၃ ဒသမ ၇၀ လက်မ |
| မိုးကောင်းမြို့ ၇ ဒသမ ၁၃ လက်မ | သံတွဲမြို့ ၃ ဒသမ ၉၈ လက်မ | အမ်းမြို့ ၃ ဒသမ ၅၅ လက်မ |

# တောင်ပိုင်းဒေသများမိုးပိုလာနိုင်

**နေပြည်တော် ဇွန် ၁၄**

**ယနေ့ နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ၂၀၁၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ်ရောင်စုံဓာတ်ပုံ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမဆု ချီးမြှင့်ပွဲများ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမ ဆုချီးမြှင့်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမဆုများအတွက်ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Universal Access to Reproductive Health Services" မြန်မာဘာသာဖြင့် "မျိုးဆက်ပွားကျန်းမာရေး၊ လူတိုင်းရအောင်ဆောင်ရွက်ပေး" ဖြစ်သည်။

**ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ**

ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ×၁၅ လက်မထက်မငယ်သော အရွယ်အစား print ပုံဖြင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ရောင်စုံဓာတ်ပုံသုံးပုံသာ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်း သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်(သို့မဟုတ်) မြန်မာနိုင်ငံဓာတ်ပုံအသင်း(ရန်ကုန်မြို့)သို့ ဇွန် ၂၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများက တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

**ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ**

ပြိုင်ပွဲဝင်လိုသူများသည် စာမူကိုကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာ တစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်း ရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါးတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူ မူရင်းနှင့်မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍လည်းကောင်း၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား၊မ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့်ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး/ ပြည်နယ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံသုံးပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာမူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန နေပြည်တော်သို့ ဇွန် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်း သတ်မှတ်ထားသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို ဇူလိုင် ၁၁ ရက်တွင် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အသေးစိတ်သိရှိလိုပါက ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့်ပတ်သက်၍ ဒေါ်ခင်ခင်ညို (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၃၃၆၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့်ပတ်သက်၍ ဒေါ်ယဉ်ယဉ်ကြိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၃၅၆၊ ဖက်စ်-၄၃၁၀၆၅သို့လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် မြန်မာနိုင်ငံဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း-၀၁-၃၇၃၁၆၇ ဖြင့်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း



## နာဆာက အာကာသတွင်းနက်များကို အသေးစိတ်လေ့လာရန် နျူစတားအမည်ရှိ အာကာသအဝေးကြည့်မှန်ပြောင်းလွှတ်တင်

ဝါရှင်တန် ဇွန် ၁၄

စကြဝဠာအတွင်းရှိ အာကာသတွင်းနက်များကို လေ့လာစူးစမ်းရှာဖွေရန် အဆင့်မြင့် အိတ်စ်ရေးရောင်ခြည်စွမ်းအင်သုံး အာကာသအဝေးကြည့် မှန်ပြောင်းတစ်ခုကို နာဆာက ဇွန် ၁၃ ရက်၌ လွှတ်တင်လိုက်ကြောင်း ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

နျူစတားဟုအမည်ပေးထားသော ယင်းအာကာသအဝေးကြည့်မှန်ပြောင်းကို ဒုံးပျံတစ်စင်းက သယ်ဆောင်သွားခြင်းဖြစ်ပြီး ၎င်းဒုံးပျံကို သြစတြေးလျနှင့် ဟာဝိုင်ယီကျွန်းအကြား မာရှယ်ကျွန်းစုရှိ ဝါဂျာလိန်းအက်တိုးလ် စခန်းမှနေ၍ ယင်းနေ့ဒေသစံတော်ချိန် ည ၁၂ နာရီက လွှတ်တင်လိုက်ခြင်းဖြစ်သည်။

နျူစတားအာကာသအဝေးကြည့် မှန်ပြောင်းလွှတ်တင်မှုသည် နာဆာ၏ အငယ်စား အာကာသလေ့လာရေးယာဉ်များ စေလွှတ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နျူစတားသည် အာကာသအတွင်းရှိ ကြယ်တာရာအစုအဝေးများအလယ်တွင် ဖြစ်ပေါ်လေ့ရှိသည့် အာကာသတွင်းနက်များကို အသေးစိတ် လေ့လာသွားမည်ဖြစ်သည်။

**ပြုလုပ်သွားမည်**

ထို့အပြင် နျူစတားအာကာသအဝေးကြည့်မှန်ပြောင်းသည် နေဂြိုဟ်နှင့် လအနီးတို့တွင် ဖြစ်ပေါ်နေသည့် အလင်းစက်ဝန်းများ၏ အနေအထားကိုလည်း လေ့လာသွားမည့်အပြင် အာကာသအတွင်း ဖြစ်တည်နေသော နျူထရွန်ကြယ်တာရာများကိုလည်း လေ့လာမှုပြုလုပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် နျူစတားအာကာသအဝေးကြည့်မှန်ပြောင်းသည် ယခင်အာကာသ အဝေးကြည့်မှန်ပြောင်းများထက် အဆ ၁၀၀ ခန့် အသေးစိတ်လေ့လာနိုင်မည်ဖြစ်ရာ အာကာသစကြဝဠာကို လေ့လာရန်အတွက် ပြတင်းပေါက် အသစ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင် ဖလိုနာဟာရစ်ဆင်က ပြောကြားသည်။

**(အင်တာနက်)**

## နယူးယောက်မြို့၏ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ပလာဇာဟိုတယ်အား အိန္ဒိယမှ ဆာဟာရာအုပ်စုက ဝယ်ယူမည်

နယူးဒေလီ ဇွန် ၁၄



အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ နယူးယောက်မြို့၏ အမှတ်သင်္ကေတအဆောက်အအုံတစ်ခုတွင် ပါဝင်သည့် ပလာဇာဟိုတယ်ကို အိန္ဒိယနိုင်ငံမှ ဆာဟာရာစီးပွားရေးအုပ်စုက အမေရိကန်ဒေါ်လာ သန်း ၅၇၀ ဖြင့် ဝယ်ယူတော့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံထုတ် သည်တိုင်းမ်သတင်းစာက ဇွန် ၁၄ ရက်၌ ဖော်ပြသည်။

အဆိုပါ ဟိုတယ် **(ယာပုံ)**သည် နယူးယောက်မြို့ စင်ထရယ်ပက်ခ်အနီးတွင် တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုဖြစ်ကာ သက်တမ်းအားဖြင့် ၁၀၅ နှစ်ရှိပြီဖြစ်သည်။ ယင်းဟိုတယ်ကို အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ဆာဟာရာစီးပွားရေးအုပ်စုက ယခုလကုန်၌ အရောင်းအဝယ်စာချုပ် အပြီးသတ်ချုပ်ဆိုရန် ဆွေးနွေးနေကြပြီဖြစ်သည်။

ယင်းဟိုတယ်ကို အစ္စရေးနိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် ဆော်ဒီအာရေဗျနိုင်ငံအခြေစိုက် ကင်းဒန်းဟိုးလ်ဒင်းကုမ္ပဏီတို့က ပူးတွဲတည်ထောင်ထားသော အီလက်စီးပွားရေးလုပ်ငန်းက ပိုင်ဆိုင်သည့်ဟိုတယ်ဖြစ်သည်။ ယခုအခါ အီလက်စီးပွားရေးလုပ်ငန်းနှင့် ဆာဟာရာအုပ်စုတို့အနေဖြင့် ဟိုတယ်အရောင်းအဝယ်ကိစ္စ သဘောတူညီမှုရရှိထားပြီးဖြစ်ရာ မကြာမီ အပြီးသတ်စာချုပ် ချုပ်ဆိုကြမည်ဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ မင်းသားအယ်ဝါလိဒ်ဘင်တာလာပိုင်ဆိုင်သည့် ကင်းဒန်းဟိုးလ်ဒင်းကုမ္ပဏီသည် ၎င်းဟိုတယ်ရောင်းချပြီးပါက ရောင်းရငွေ၏ ၂၅ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဆာဟာရာအုပ်စုသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ ဂရော့စ်ဗင်နာဟောက်စ်ဟိုတယ်ကိုလည်း ၂၀၁၀ ခုနှစ်က ဝယ်ယူခဲ့ပြီးဖြစ်သည့်အပြင် လန်ဒန်မြို့ရှိ မာရော့ဟိုတယ်အုပ်စုမှ ဟိုတယ်အချို့ကိုလည်း ဝယ်ယူရန်သဘောတူညီမှုရရှိထားသည်။

**(အင်တာနက်)**

## ဂျပန်၌ ငလျင်နှင့်ဆူနာမီဘေး ကြိုတင်လေ့ကျင့်မှုပြုလုပ်



ဆန်ဒိုင်း ဇွန် ၁၄

ပြီးခဲ့သည့်နှစ်က အင်အားပြင်းငလျင်လှုပ်မှုနှင့် ဆူနာမီဘေးဒဏ်များကြုံတွေ့ခဲ့ရသဖြင့် ထိခိုက်ပျက်စီးမှုဆိုးရွားစွာဖြစ်ပေါ်ခဲ့သော ဂျပန်နိုင်ငံမှ နေရာဒေသတစ်ခု ဖြစ်သည့် မီယာဂီစီရင်စုတွင် ဇွန် ၁၄ ရက်က သဘာဝဘေးဒဏ်ကာကွယ်ရှောင်တိမ်းရေး ကြိုတင်လေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ ဒေသခံထောင်ပေါင်းများစွာပါဝင်လေ့ကျင့်ခဲ့ကြကြောင်း ဂျပန်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ရစ်ချ်တာစကေး ၉ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာတွင် မီယာဂီစီရင်စု၌လည်း ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့သဖြင့် ယခုအခါ ငလျင်နှင့် ဆူနာမီဘေး အန္တရာယ်ဖြစ်ပေါ်လာပါက မည်သို့ပြင်ဆင်ရှောင်တိမ်းရမည်ကို ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ကြိုတင်လေ့ကျင့်ရာတွင် ဆန်ဒိုင်းမြို့ အော်ဘာအရပ်မှ ကီမာချီဒိုရီအမည်ရှိ မူလတန်းကျောင်းဝင်းအတွင်း၌ ဒေသခံ ၁၈၀ တို့ စုပေါင်းကာ သဘာဝဘေးမှ ကြိုတင်ကာကွယ်ရှောင်တိမ်းရေး လေ့ကျင့်ခဲ့ကြသည်။ ထို့အတူ မီယာဂီစီရင်စုရှိ အခြားနေရာများ၌လည်း ယင်းနေ့၌ စုပေါင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ကြသည်။ ကီမာချီဒိုရီမူလတန်းကျောင်းသည် ပြီးခဲ့သည့်နှစ်က ငလျင်နှင့်ဆူနာမီဘေးဒဏ် ကြုံတွေ့ခံစားရသည့်ဒေသခံများအား အရေးပေါ်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့သည့် နေရာတစ်ခုဖြစ်သည်။ ထိုသို့လေ့ကျင့်ရာတွင် သဘာဝဘေးကြုံတွေ့ရပါက မည်သို့ရှောင်တိမ်းရမည်၊ မည်သို့ကာကွယ်ရမည်၊ အရေးပေါ်အစားအစာများ မည်သို့ပြင်ဆင်ထားရမည်၊ အပြာရောင်ပလတ်စတစ်ပြားများကို ခေါင်းပေါ်တင်ပြီး အကာအကွယ်ပြုလုပ်ကာ မည်သို့ရှောင်တိမ်းရမည်စသည်တို့ကို လက်တွေ့စုပေါင်း လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁၄-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### ကမ္ဘာ့စိတ်လှုပ်ရှားမှုအရှိဆုံး ဓာတ်ပုံများရိုက်ကူးသူဆု အီရန်နိုင်ငံမှ ဓာတ်ပုံဆရာ ဆွတ်ခူး

*အီရန်ဓာတ်ပုံဆရာ ဟော့စ်စိန်ဖက်တီမီ (Hossein Fatemi)သည် အီရန်နိုင်ငံ တီဟီရန်မြို့တော်တွင်ကျင်းပသော ကမ္ဘာ့စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးဓာတ်ပုံများရိုက်ကူးသည့် ဓာတ်ပုံဆရာဆုကို ချီးမြှင့်ခံခဲ့ရကြောင်း ဇွန် ၁၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။* ***(အောက်ပုံ)***

*ဓာတ်ပုံပညာရှင် ဟော့စ်စိန်ဖက်တီမီသည် တီဟီရန်ခေတ်မီပန်းချီအနုပညာပြတိုက်၌ ကျင်းပသည့် အဆိုပါ အခမ်းအနားတွင် ဆုကြေးငွေ ပေါင် ၁၀၀၀၀ ရရှိခဲ့သည်။ ဖက်တီမီသည် သူ၏ဆန်းသစ်သော အမြင်နှင့် လှုပ်ရှားသက်ဝင်သည့် ဓာတ်ပုံများကို လက်ဘနွန်၊ ပါကစ္စတန်၊ အီရန်၊ အီရတ်၊ ဂျော်ဂျီယာ၊*



*ရုရှား၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ကျယ်ပြန့်စွာသွားရောက်ရိုက်ကူးခဲ့သည်။ သူသည် ၂၀၀၅၊ ၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်များတွင် အီရန်နိုင်ငံ၏ ထိပ်တန်း ဓာတ်ပုံပညာရှင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ ဖက်တီမီသည် ယူပီအိုင်သတင်းဌာန၊ ဖားစ်သတင်းဌာန၊ ဖူမားသတင်းဌာနနှင့် အီးပီအေသတင်းဌာနတို့တွင် အလုပ်လုပ်ကိုင်ခဲ့ပြီး ဂျော်ဂျီယာ၊ အာဖဂန်နစ္စတန်နှင့် လက်ဘနွန်နိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့်စစ်ပွဲများတွင် ရိုက်ကူးခဲ့သည့် ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ခံရသူလည်းဖြစ်သည်။*

### မက္ကဆီကို၌ ဘတ်စ်ကားတစ်စီး နေအိမ်တစ်လုံးကို ဝင်တိုက်

***မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်းတွင် ဇွန် ၁၃ ရက်က ကလေးငယ် အများအပြား တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး နေအိမ်တစ်လုံးကို ဝင်တိုက်မိပြီး အနည်းဆုံး ၁၀ဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။***

***အဆိုပါမတော်တဆမှုသည် မက္ကဆီကိုစီးတီးအနောက်တောင်ဘက် ကီလိုမီတာ ၆၀၀ ခန့်အကွာ ယူရာပန်မြို့၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဘတ်စ်ကားကို မူလတန်းကျောင်းတစ်ကျောင်းမှ ကလေးအုပ်စုတစ်ဖွဲ့က ဒေသတွင်း တိရစ္ဆာန်ရုံသို့သွားရန် ငှားရမ်းခေါ်ဆောင်လာခြင်းဖြစ်ပြီး အဝေးပြေးလမ်းမပေါ် မောင်းနှင်စဉ် ရုတ်တရက် လမ်းချော်မှုကြောင့် နေအိမ်တစ်လုံးနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူများမှာ သူငယ်တန်းနှင့် မူလတန်းကျောင်းမှ ကလေးငယ်များဖြစ်ကြောင်း၊ ဒဏ်ရာပြင်းထန်သူအချို့အား အရေးပေါ်ဆေးကုသရန်အတွက် ဒေသတွင်းဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်ဟုဆိုသည်။ ယင်းဘတ်စ်ကားပေါ်တွင် လိုက်ပါသူ အရေအတွက် အတိအကျကို ချက်ချင်းမသိရသေးကြောင်း၊ ဖြစ်ပွားပြီးနောက် နေအိမ်မှာလည်း တစ်ဝက်ခန့်ပျက်စီးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။***

*(အင်တာနက်)*

## နီပေါလေယာဉ် ငှက်အုပ်နှင့်တိုက်မိပြီး အရေးပေါ်ဆင်းသက်ရ



ခတ္တမန္ဒူ ဇွန် ၁၄

နီပေါနိုင်ငံ တာရာလေကြောင်းလိုင်းမှလေယာဉ်တစ်စင်းသည် ခရီးသည် ၁၉ ဦး တင်ဆောင်လျက် နီပေါနိုင်ငံ ဂျမ်လာမြို့မှ နီပေါဂျန်မြို့သို့ပျံသန်းစဉ် ဇွန် ၁၃ ရက်က လေယာဉ်ကွင်းမှတက်ပြီး မကြာမီတွင် ငှက်အုပ်နှင့်တိုက်မိပြီး ဆာခတ်လေဆိပ်သို့ အရေးပေါ်ဆင်းသက်လိုက်ရသည် ဆိုသည်။ **(ဝဲပုံ)**

ကြေညာ

လေယာဉ်မှူး၏ ကျွမ်းကျင်မှုကြောင့်သာ အကြီးအကျယ်ပျက်စီးခြင်းမရှိသော်လည်း တွဲဖက်လေယာဉ်မှူးမှာ အနည်းငယ် ဒဏ်ရာရရှိသွားသည်ဟု နီပေါနိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ကြေညာသည်။

လေယာဉ်မှာ ငှက်များနှင့်တိုက်မိ၍ ဝဲဘက်ပိုင်းတွင် အနည်းငယ်ပျက်စီးသွားသည်။ လေယာဉ်ပေါ်လိုက်ပါသည့် ခရီးသည် ၁၉ ဦးစလုံး ဘေးအန္တရာယ်မရှိဟု ဆိုသည်။

**(အင်တာနက်)**

## အိန္ဒိယနိုင်ငံတွင် စတီးလ်စက်ရုံပေါက်ကွဲ ၁၁ဦးသေဆုံး

နယူးဒေလီ ဇွန် ၁၄

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်တွင် အစိုးရပိုင်စတီးလ်စက်ရုံတစ်ရုံ၌ ပြင်းထန်သောပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၁၁ ဦးသေဆုံးခဲ့ကြောင်း ရဲဝန်ထမ်းများက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ဗီဆာခပတ္တနံဆိပ်ကမ်းမြို့တွင်းရှိ အဆိုပါစက်ရုံပေါက်ကွဲမှုကြောင့် မီးလောင်မှုလည်း ဖြစ်ပွားခဲ့သည်။ စက်ရုံအလုပ်သမား ၁၆ ဦးလည်း မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ စက်ရုံအတွင်း အလုပ်သမားများ ပစ္စည်းသစ်များလဲလှယ်တပ်ဆင်နေစဉ် အောက်ဆီဂျင်ကန်တစ်ကန်အတွင်း စတင်ပေါက်ကွဲမှုဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ သေဆုံးသူဦးရေ ပိုတိုးလာနိုင်ခြေရှိနေကြောင်း၊ ဒဏ်ရာရသူများတွင် စိုးရိမ်ရသည့်အနေအထားများရှိနေကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

**(အင်တာနက်)**

## ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်နှင့် တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ် ဇွန် ၁၄



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အရှေ့မြောက်ဘက် ပိုချွန်တွင် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက ကျည်အစစ်များဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇွန် ၁၂ ရက်က စတင်ပြုလုပ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ လောလောဆယ် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ စခန်းချလျက်ရှိသည်။

ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ပင်လယ်အတွင်းတွင် အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ရေကြောင်းနှင့်လေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်လေ့ရှိသည်။

**(အင်တာနက်)**

15-6 (04).pmd 1 6/15/2012, 1:30 AM

ကိုသစ္စာ-ရေးသည်

# တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟာဂျီဝမ်ရဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်ပြသ



တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်

ဆိုးလ် ဇွန် ၁၄

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်ရဲ့ရုပ်မြင်သံကြား ဇာတ်လမ်းတွဲသစ်ဖြစ်တဲ့ The King 2 Hearts ကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ အမ်ဘီစီရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသနေပြီ ဖြစ်ပါတယ်။

**ရုပ်နားထား**

ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်ဟာ ကင်ဟန်အက်အမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိတဲ့ ဟာဂျီဝမ်ဟာ ၂၀၁၀ ခုနှစ်က အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ခဲ့တဲ့ Secret Garden အမည်ရှိဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးခဲ့ပြီးနောက် ဇာတ်လမ်းတွဲရိုက်ကူးမှုရပ်နားထားသူ ဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၁၁ခုနှစ်က Korea Savings Award ဆုရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ Sparkling Night ဆုကိုဆွတ်ခူးရရှိသူဖြစ်ပါတယ်။ ဒီဆုတွေဟာ တောင်ကိုရီးယားရုပ်ရှင်အနုပညာနှင့်ပတ်သက်ပြီး ရုပ်မြင်သံကြားလိုင်းတွေက ရွေးချယ်ချီးမြှင့်တဲ့ဆု ဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ရှင်ဇာတ်ကားအနေနဲ့ ၂၀၁၂ ခုနှစ် မတ်လက စတင်ရိုက်ကူးနေတဲ့ As One ဇာတ်ကားကိုလည်း ဆက်လက်ရိုက်ကူးနေပါတယ်။ ဒီဇာတ်ကားမှာဟာဂျီဝမ်က ဟမ်ဂျန်ဟွာ အမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

**ရိုက်ကူးထား**

ဒီရုပ်ရှင်ကားကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ ဇွန်လကုန်ကစတင်ပြီး ပြသတော့မှာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ လူမှုရေးထောက်ထားစာနာမှုအပြည့်ရှိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ခံစားချက်ကို ဦးစားပေးရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားကို အာရှနိုင်ငံတွေအထိပါ ဖြန့်ချိမှာဖြစ်တာမို့ ဟာဂျီဝမ်ရဲ့ အာရှပရိသတ်တွေ နှစ်ခြိုက်အားပေးကြဦးမယ့် ရုပ်ရှင်ကားကောင်းတစ်ကားဖြစ်မယ်လို့ အင်တာနက်သတင်းမှာ ဖော်ပြထားပါတယ်။ **(အင်တာနက်)**

# ရုပ်ရှင်မင်းသားတွမ်ခရုစ်၏ ဇာတ်ကားသစ် Rock of Ages စတင်ပြသ



လန်ဒန် ဇွန် ၁၄

ရုပ်ရှင်မင်းသား တွမ်ခရုစ် ပါဝင်သရုပ်ဆောင်ထားသည့် Rock of Ages ဇာတ်ကားသစ်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ လီဆက်စကာရင်ပြင်၌ ဇွန် ၁၁ ရက်က ပရိသတ် မိတ်ဆက်ပွဲပြုလုပ်ခဲ့ရာ ရုပ်ရှင်မင်းသား တွမ်ခရုစ် **(ဝဲပုံ)**အပါအဝင် နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပရိသတ်မိတ်ဆက်ပွဲ၌ မိမိသည် ရုပ်ရှင်အနုပညာကို မြတ်နိုးကြောင်း ၊ ရုပ်ရှင်အနုပညာဖြင့် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမည်ဟု ဆုံးဖြတ်ထားသူဖြစ်ကြောင်း၊ ရုပ်ရှင်အနုပညာ၏ စွမ်းအားဖြင့် ပရိသတ်များအား ပျော်ရွှင်မှု၊ ဝမ်းနည်းမှု ခံစားချက်များအပြင် အသိတရားများ ရရှိအောင်လည်း ဇာတ်ကားများ ရိုက်ကူးလျက်ရှိကြောင်း၊ ယခု Rock of Ages ဇာတ်ကားမှာလည်း ယင်းအမျိုးအစား ဇာတ်ကားပင်ဖြစ်ကြောင်း ရုပ်ရှင်မင်းသား တွမ်ခရုစ်က ပြောကြားခဲ့သည်။

ယခုဇာတ်ကား၌ ရုပ်ရှင်မင်းသား တွမ်ခရုစ်က ရော့ခ်အင်ရိုးတေးဂီတ၏လှုပ်ရှားမှု အမူအရာများကို ထူးထူးခြားခြား သရုပ်ဆောင်ထားသည်။ ယခုဇာတ်ကောင်စရိုက်ကို သရုပ်ဆောင်လိုသည်မှာ မိမိ၏ အိပ်မက်တစ်ခုပင်ဖြစ်ကြောင်း၊ ယခုဇာတ်ကား၌ ယင်းအိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။ Rock of Ages ဇာတ်ကားသည် တေးဂီတကို အခြေခံထားပြီး မြို့ငယ်လေးတစ်မြို့မှ ရှာရေးအမည်ရှိ အမျိုးသမီးငယ်တစ်ဦးနှင့် ဒရူးအမည်ရှိ လူငယ်လေးတစ်ဦးတို့အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။ ယခုဇာတ်ကား၌ ရုပ်ရှင်မင်းသား တွမ်ခရုစ်သည် ထူးထူးခြားခြား စရိုက်ဖြင့် သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကောင်စရိုက်ရရှိရန် အချိန်ခြောက်လခန့် ပြင်ဆင်ခဲ့ရသည်ဟု တွမ်ခရုစ်က ပြောကြားသည်။ Rock of Ages ဇာတ်ကားကို အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့၌ ဇွန် ၁၂ ရက်က စတင်ပြသနေပြီဖြစ်သည်။ **(အင်တာနက်)**

# ရုပ်ရှင်မင်းသား မက်ကွန်နှုက်ဟေးနှင့် ဘရာဇီးမော်ဒယ် အက်ဗက်စ်တို့လက်ထပ်ပြီ



*အော်စတင် ဇွန် ၁၄*

*ဟောလိဝုဒ်ရုပ်ရှင်မင်းသား မက်သရူးမက်ကွန်နက်ဟေးနှင့် ဘရာဇီးမော်ဒယ် ကာမီလာ အက်ဗက်စ်တို့နှစ်ဦးသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ ၎င်းတို့နှစ်ဦး သီးသန့်ဝယ်ယူထားသော အိမ်သစ်၌ ဇွန် ၁၁ ရက် ညက လက်ထပ်ပွဲကျင်းပခဲ့ကြသည်။ (ယာပုံ)*

*အဆိုပါမင်္ဂလာပွဲသို့ ဟောလိဝုဒ်အနုပညာရှင်များ တက်ရောက်ခဲ့ကြပြီး ယင်းညက ၎င်းတို့၏ အနုပညာလုပ်ငန်းများအားလုံးကို ရပ်ဆိုင်းထားခဲ့ပြီး ပျော်ရွှင်စွာလာရောက်အားပေးခဲ့ကြသည်။ ရုပ်ရှင်မင်းသား မက်ကွန်နက်ဟေးသည် တက္ကဆက်ပြည်နယ်သားဖြစ်ရာ တက္ကဆက်ပြည်နယ်၌ပင် နေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဘရာဇီးမော်ဒယ် ကာမီလာအက်ဗက်စ်သည် မော်ဒယ်နှင့် ဒီဇိုင်နာတစ်ဦးဖြစ်ပြီး အသက် ၃၀ အရွယ်ရှိကာ ရုပ်ရှင်မင်းသား မက်ကွန်နက်ဟေးမှာ အသက် ၄၂ နှစ်ရှိပြီဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ၂၀၀၆ ခုနှစ်က လော့စ်အိန်ဂျလိစ်မြို့ ညစာစားပွဲတစ်ခု၌ တွေ့ဆုံခဲ့ကြပြီးနောက် ချစ်ကျွမ်းဝင်ခဲ့ကြခြင်းဖြစ်သည်။ ရုပ်ရှင်မင်းသား မက်ကွန်နက်ဟေးနှင့် မော်ဒယ်ကာမီလာအက်ဗက်စ်တို့ နှစ်ဦးသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က တရားဝင်စေ့စပ်ပွဲပြုလုပ်ခဲ့ကြပြီး ယခုမှသာ လက်ထပ်ပွဲ ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ မော်ဒယ်ကာမီလာအက်ဗက်စ်၏ နောက်ဆုံးအမည်နောက်တွင် မက်ကွန်နက်ဟေးအမည်ထပ်မံဖြည့်စွက်ရမည်ဖြစ်ကြောင်း မက်ကွန်နက်ဟေးက ပြောကြားသည်။ (အင်တာနက်)*

မြင့်မောင်စိုး - စုစည်းသည်

# ယူရို ၂၀၁၂ အုပ်စု(ခ) ဒုတိယပွဲစဉ် ဂျာမနီက နယ်သာလန်ကို နိုင်ပွဲရရှိ



ဝါဆော ဇွန် ၁၄

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဇွန် ၁၄ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့သည့်အုပ်စု(ခ)မှ နယ်သာလန်နှင့်ဂျာမနီတို့ပွဲတွင် ဂျာမနီက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။

ဂျာမနီအသင်းသည် ပွဲစတင်သည်နှင့်အကွက်စေ့စေ့ဖြင့် ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်းပွဲချိန် ၂၄ မိနစ်၌ ဂိုမက်ဇ်က ဂျာမနီအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ နယ်သာလန်တိုက်စစ်မှူးများဖြစ်သည့် ဗန်ပါစီ၊ ရော်ဘင်တို့ ဂျာမနီနောက်တန်းကို ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားသော်လည်း ကန်ချက်များလွဲချော်နေမှုကြောင့် ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

ဂျာမနီတို့ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၃၈ မိနစ်၌ ဂိုမက်ဇ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် ဂျာမနီတို့ ဦးဆောင်ဂိုးနှစ်ဂိုးရရှိခဲ့သည်။ နယ်သာလန်တို့ ပထမပိုင်းပွဲချိန်ပြီးသည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

**ချေပဂိုး**

ဒုတိယပိုင်းပွဲချိန်အတွင်း နယ်သာလန်တို့ချေပဂိုး ရရှိရေးကြိုးစားခဲ့သော်လည်း ဂျာမနီခံစစ်ကြောင်းကို ထိထိရောက်ရောက်မထိုးဖောက်နိုင်ခဲ့သဖြင့် ဂိုးရလဒ်မပြောင်းနိုင်ဘဲဖြစ်နေခဲ့သည်။ ပွဲချိန် ၇၃ မိနစ်ရောက်မှသာ ဗန်ပါစီက နယ်သာလန်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

နှစ်သင်းစလုံးဂိုးများ ထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာပွဲချိန် ၈၇ မိနစ်၌ ဂျာမနီမှ ဘိုရာတန်နှင့် မိနစ် ၉၀ ၌ နယ်သာလန်မှ ဝီလ်လန်တို့အဝါကတ်များသာ အထိခံခဲ့ရပြီး ဂိုးထပ်မံမသွင်းနိုင်ခဲ့ကြချေ။ ပွဲအပြီး၌ ဂျာမနီတို့နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အင်္ဂလန်အသင်းတိုးတက်မှုရှိလာ နည်းပြရှိုင်ဟော့ဆင်ထုတ်ဖော်ပြောကြား



*လန်ဒန် ဇွန် ၁၄*

*အင်္ဂလန်အသင်းသည် ယူရို ၂၀၁၂ တွင် တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း နည်းပြရှိုင်ဟော့ဆင် **(ယာပုံ)**က ပြောကြားလိုက်သည်။*

*အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့သည် ဇွန် ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဂိုးတစ်ဂိုးစီဖြင့် သရေကျအောင်ကစားနိုင်ခဲ့သည်။ ယင်းပွဲတွင် ပြင်သစ်အသင်းတိုက်စစ်မှူး နာဆရီက ချေပဂိုးမသွင်းမီ လက်စ်ကော့က အင်္ဂလန်အတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းပွဲပြီးနောက် အင်္ဂလန်အသင်းနည်းပြရှိုင်ဟော့ဆင်သည် တိုးတက်လာမည့်အသင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။*

*မိမိတို့ အင်္ဂလန်အသင်းသည် ပိုမိုလေ့ကျင့်သွားနိုင်လျှင် အလွန်ကောင်းသည့် အသင်းဖြစ်လာနိုင်ကြောင်း၊ အင်္ဂလန်အသင်း၏အနေအထားသည် ယခင်အခြေအနေမဟုတ်တော့ကြောင်း နည်းပြရှိုင်ဟော့ဆင်က ဆက်လက်ပြောကြားသည်။*

*ပြင်သစ်အသင်းသည် အုပ်စု(D)တွင် အလားအလာရှိသည့်အသင်းကောင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၁ ပွဲတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသည့်အသင်းလည်း ဖြစ်သည်။ ယင်းကဲ့သို့ အလားအလာကောင်းနေသည့် ပြင်သစ်အသင်းကိုပင် အင်္ဂလန်အသင်းက ဦးဆောင်ဂိုးသွင်းပြီး သရေကျအောင် ကစားနိုင်ခဲ့ခြင်းသည် တိုးတက်လာသည့်အနေအထားတွင် ရှိနေသည်။ လက်ရှိ အင်္ဂလန်အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၆) ၌ ရပ်တည်လျက်ရှိသည်။ အင်္ဂလန်အသင်းသည် ယူရိုပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ၌ပင် ပြိုင်ဘက်အသင်းများကို အနိုင်ရအောင် ကစားနိုင်ခဲ့သည့်အသင်းဖြစ်သည်။* ***(အင်တာနက်)***

# ခရူဝီတိုက်စစ်မှူး ပိုဝဲလ်အား မန်ယူခေါ်ယူစာချုပ်မည်



*လန်ဒန် ဇွန် ၁၄*

*မန်ယူက အသက် ၁၈ နှစ်ရှိ ခရူဝီလူငယ်တိုက်စစ်မှူး နစ်ပိုဝဲလ်အား ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။ မန်ယူနှင့် ခရူဝီအလက်ဇန္ဒားကလပ်တို့သည် ပိုဝဲလ် (ဝဲပုံ)အတွက် ပြောင်းရွှေ့ကြေးကို ပေါင်လေးသန်းဖြင့် သဘောတူညီထားသည်။ ၎င်းအား အပြီးသတ်စာချုပ်နိုင်ရေး ယခုသီတင်းပတ်အတွင်း နှစ်သင်းစလုံးက မျှော်လင့်ထားသည်။*

*ပိုဝဲလ်သည် အသက် ၁၈ နှစ်အောက် အင်္ဂလန်လက်ရွေးစင်အသင်း ဘောလုံးသမားဖြစ်သည်။ ပြီးခဲ့သည့်ရာသီက ခရူဝီအသင်းအတွက် ၄၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။*

*မြေတောင်မြှောက်ပေး*

*မန်ယူအသင်းအနေဖြင့် ပြီးခဲ့သောရာသီက ခြေစွမ်းပြကစားလာသော နစ်ပိုဝဲလ်အားခေါ်ယူရန် မျက်စိကျနေခဲ့သည်။ နစ်ပိုဝဲလ်သည် အင်္ဂလန် ယူ ၁၆ နှင့် ယူ ၁၇ ပြိုင်ပွဲများမှ စတင်ကာ အင်္ဂလန်အသင်းအတွက် ကစားပေးခဲ့သူဖြစ်သည်။ ခြေစွမ်းပြလာသော နစ်ပိုဝဲလ်အား မန်ယူနည်းပြကြီး ဖာဂူဆန်က ခေါ်ယူရန် ဆန္ဒပြင်းပြနေခဲ့သည်။ မန်ယူနည်းပြကြီး ဆာအဲလက်ဖာဂူဆန်သည် အရည်အချင်းရှိ လူငယ်ဘောလုံးသမားများကို မွေးထုတ်ပေးရာတွင် ဆရာတစ်ဆူပင်ဖြစ်၏။ ယခုတစ်ဖန် နစ်ပိုဝဲလ်အား နည်းပြကြီးဖာဂူဆန်က ထူးချွန်ပြောင်မြောက်သော တိုက်စစ်မှူးဖြစ်လာရန် မြေတောင်မြှောက်ပေးဦးမည်ဖြစ်သည်။ (အင်တာနက်)*

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဧည့်သည်များတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ Sojitz Corporation မှ Executive Officer နှင့် Chief Executive Officer for Asia and Oceania Mr. Takashi Ikeda ဦးဆောင်သည့်အဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး Sojitz ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို မျှော်လင့်ပါကြောင်း၊ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာသုံး ဓာတ်အားထိန်းချုပ်ကွပ်ကဲမှုစနစ်ဖြစ်သည့် Supervisory Control and Data Acquisition System (SCADA) အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းကိုလည်း ပါဝင်ဆောင်ရွက်လိုပါကြောင်းနှင့် ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံနှင့်ကိုရီးယားနိုင်ငံကုမ္ပဏီများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆောင်ရွက်နေကြသော ရင်းနှီးမြှုပ်နှံမှုပုံစံများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ Electricity Generating Authority of Thailand International ကုမ္ပဏီမှ Acting President, Mr. Somboom Arayaskul နှင့် ဂျပန်နိုင်ငံ Mitsubishi Corporation မှ Senior General Manager, Mr. Ken Kawai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီတွင် လာရောက်တွေ့ဆုံပြီး Mitsubishi Corporation မှ တာဝန်ရှိသူက မြန်မာနိုင်ငံတွင် နွေရာသီ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင်လုပ်ဆောင်ပေးနိုင်မည့်အစီအစဉ်အဖြစ် ထိုင်းနိုင်ငံတွင် အသင့်ရှိနေသည့် Mitsubishi ကုမ္ပဏီထုတ် သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက်နှစ်လုံးကို မြန်မာနိုင်ငံသို့ ပို့ဆောင်တပ်ဆင်ရန် အဆိုပြုတင်ပြခြင်း ဖြစ်ပါကြောင်း၊ ဓာတ်အားပေးစက်အသစ်များ တပ်ဆင်ရန်မှာ အချိန်ကာလ နှစ်နှစ်ခန့်ကြာမြင့်နိုင်ပြီး ယခုကဲ့သို့ရှိပြီး စက်များအားပြောင်းရွှေ့တပ်ဆင်ခြင်းမှာ အချိန်ကာလ ခုနစ်လခန့်သာကြာမြင့်မည်ဖြစ်၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလခန့်မှစ၍ လည်ပတ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းအမြန်ဆုံး စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ လိုအပ်သည်များကို အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း တင်ပြသည်။

ထို့နောက် EGAT International မှ တာဝန်ရှိသူက စီမံကိန်းအဆိုပြုပုံစံ (Project Structure)၊ စီမံကိန်းအကြမ်းဖျင်း အချိန်ဇယား (Tentative Schedule)၊ လောင်စာ Gas ရရှိရေးဆောင်ရွက်ရန်လိုအပ်ချက်များ၊ စက်များတပ်ဆင်မည့်နေရာ အစရှိသည့် နည်းပညာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ ပြောင်းရွှေ့တပ်ဆင်မည့် သဘာဝဓာတ်ငွေ့စက်နှစ်လုံးအား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများက သွားရောက်ကြည့်ရှုစစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်ကိစ္စတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ဂျပန်နိုင်ငံ Sojitz Corporation မှ Executive Officer နှင့် Chief Executive Officer for Asia and Oceania Mr.Takashi Ikeda ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်များတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အမေရိကန်နိုင်ငံ ဂျော့ဝါရှင်တန်တက္ကသိုလ် အာရှရေးရာနိုင်ငံတကာဆက်ဆံရေးနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ (Partnership for International Strategies in Asia-PISA) မှ ညွှန်ကြားရေးမှူး Ms. Linda J. Yarr ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တက္ကသိုလ်အဆင့် သင်ရိုးညွှန်းတမ်းများ မွမ်းမံရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ Jissen Kankyo Kenkyusho Co., Ltd. (JKK) Vice Presi dent, Dr.Shin Imai နှင့် Institute of Energy Economic of Japan (IEEJ) မှ Mr. Ku Jihiko Nagashima တို့သည် ယနေ့နံနက် ၉ နာရီတွင် လာရောက်တွေ့ဆုံပြီး အင်းလေးကန်ဒေသ၌ ကြက်ဆူစေ့မှ ဇီဝလောင်စာထုတ်လုပ်၍ ကျေးလက်ဒေသလျှပ်စစ်မီးပေးရေး၊ ဒေသခံကျေးရွာသားများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေးကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့တွင် ဆူပူအကြမ်းဖက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံများ ဝိုင်းဝန်းပူးပေါင်း လုံခြုံရေးဆောင်ရွက်မှုကြောင့် စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဇွန် ၁၃ ရက်မှစ၍ အေးချမ်းတည်ငြိမ်လျက်ရှိသည်။ ထိုသို့ အေးချမ်းတည်ငြိမ်မှုအား ဆက်လက်ထိန်းသိမ်းရန် လုံခြုံရေးအဖွဲ့များသည် ဒေသခံများနှင့်ဝိုင်းဝန်းလက်တွဲ၍ နေ့ညမပြတ် လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၃ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် ချင်းပျံလမ်းသို့ အကြမ်းဖက်ခြင်းနှင့် မီးရှို့ရန် မသင်္ကာဖွယ်လူတစ်စုရောက်ရှိနေကြောင်း ဆူပူမှုနှင့်အကြမ်းဖက်မှုကိုမလိုလားသော ဒေသခံပြည်သူများက အချိန်မီသတင်းပေးပို့သဖြင့် ၎င်းနေရာပတ်ဝန်းကျင်နှင့် အနီးဆုံးရှိသည့် လုံခြုံရေးလှည့်ကင်းအဖွဲ့များက ချက်ချင်းရှင်းလင်းရာ အကြမ်းဖက်ရန်နှင့် မီးရှို့ရန် ရည်ရွယ်လှုပ်ရှားသည့် အကြမ်းဖက်သမား အင်အား ၃၅ ဦးခန့်မှာ လူစုခွဲထွက်ပြေးသွားခဲ့သည်။

ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများနောက်သို့ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များသည် လိုက်လံရှင်းလင်းရှာဖွေရာ ဒေသခံပြည်သူများက ထပ်မံသတင်းပေးသဖြင့် ည ၁၀ နာရီ မိနစ် ၅၀တွင် ချိန်ကုန်းတန်းရပ်ကွက် ရေတွင်းလမ်းရှိ နေအိမ်နှစ်အိမ်တွင် အိမ်များမီးရှို့ရာ၌ အသုံးပြုသော မီးစာတပ်ပြီး အသင့်ပြင်ဆင်ထားသည့် ဓာတ်ဆီပုလင်း ၂၈ ပုလင်း၊ ပုလင်းအလွတ် ၃၄ ပုလင်း၊ ဓား/လှံ ၁၈ လက်တို့နှင့်အတူ ဆူပူအကြမ်းဖက်သူ ၂၉ ဦးအား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ ရက်က မြို့နယ်ရောသီရိသုခခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ဝန်ထမ်းသားသမီး ၅၂ ဦးအား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။**

(မြို့နယ် ပြန်/ဆက်)

# ရွှေနန်းတော်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရွှေနန်းတော် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း မော်လမြိုင်လမ်းရှိ အဆိုပါယာဉ်လိုင်းသစ်အဆောက်အအုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) ဥက္ကဋ္ဌဦးညွန့်ဝေနှင့် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာန ဒုတိယဌာနမှူး ဦးညဏ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပြေးဆွဲသွား**

ရွှေနန်းတော် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းတွင် ဂျာမနီနည်းပညာဖြင့်ထုတ်လုပ်ထားသော YOUNGMAN အဆင့်မြင့်မော်တော်ယာဉ်များကိုအသုံးပြုကာ ရန်ကုန်-မန္တလေးခရီးစဉ်တွင် အထူးယာဉ်လိုင်းနှင့် VIP ယာဉ်လိုင်းနှစ်လိုင်းခွဲကာ ယခုလအတွင်း ပြေးဆွဲသွားမည်ဖြစ်သည်။

**ဝန်ဆောင်မှုပေး**

အထူးယာဉ်လိုင်းတွင် ထိုင်ခုံ ၄၁ခုံတပ်ဆင်ထားပြီး ယာဉ်စီးခမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၄၀၀ ဖြစ်သည်။ VIPယာဉ်လိုင်းတွင် ထိုင်ခုံ ၃၃ခုံတပ်ဆင်ထားပြီး ယာဉ်စီးခမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၄၀၀နှင့် ဝန်ဆောင်မှုစရိတ် ငွေကျပ် ၆၁၀၀ ဖြစ်သည်။ ယာဉ်ပေါ်၌ သန့်စင်ခန်းပါရှိပြီး ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်သည့် ထိုင်ခုံများတပ်ဆင်ထားကာ အဆာပြေစားသောက်ရန် ကော်ဖီနှင့် မုန့်များကိုစီစဉ်ထားသည်။ အတွေ့အကြုံရှိသော ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုခရီးစဉ်၏ အတွေ့အကြုံများကိုယူကာ ရွှေနန်းတော်မှ ပြင်ဦးလွင်၊ တောင်ကြီး၊ နေပြည်တော်တို့သို့ ယာဉ်လိုင်းသစ်များအဖြစ် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(လှိုင်မောင်)**

# ယင်းမာပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

**ယင်းမာပင် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဆင်တဲ-ရင်ပေါင်တိုင် ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်လျက်ရှိရာ မြေသားလမ်းအရှည်မှာ ၁ မိုင် ၄ ဖာလုံဖြစ်ပြီး လမ်းအကျယ်မှာ ၂၄ ပေဖြစ်ကြောင်း သိရသည်။ **(ယာပုံ)** အဆိုပါမြေသားလမ်း ပြီးစီးပါက ကျေးရွာဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအတွက် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့သွားမည်ဖြစ်သည်။ အဆိုပါမြေသားလမ်းကို ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ထောက်ပံ့ပေးအပ်

**ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးပျံကျဈေးသည်များ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က အဆိုပါဈေး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် ဈေးငွေကော်မတီဝင်တို့က ငွေကျပ် ၁၃၀၅၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့်ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။** (၁၀၂)



▲ *ရှေ့ဖုံးမှ*

အမြန်ဆုံးပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ်၊ နေထိုင်စားသောက်မှုများကို ရေရှည်ထောက်ပံ့ပေးမည့်အစီအစဉ်နှင့် နယ်မြေလုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေး ယခုထက် ပိုမိုဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မောင်တောမြို့သို့ ရောက်ရှိပြီး မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး၏ မောင်တောမြို့နယ်၌ (၈-၆-၂၀၁၂)ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက် ဖျက်ဆီးမှုများကြောင့် မောင်တောမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများ၌ ထိခိုက်ပျက်စီး သေဆုံးဒဏ်ရာရရှိမှုအခြေအနေများနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများ တင်ပြချက်အပေါ် သိရှိလိုသည်များကို ကုလသမဂ္ဂအဖွဲ့ဝင် ကိုယ်စားလှယ်များနှင့်အတူ မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် မောင်တောမြို့နယ်အတွင်း လတ်တလောပြောင်းရွှေ့လာသည့်မိသားစုများအတွက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော အင်အား ၃၅၃ ဦးရှိ ဗဟိုကျောင်းကယ်ဆယ်ရေးစခန်း၊ အင်အား ၅၀၄ ဦးရှိ အောင်မြေဗောဓိကျောင်း ကယ်ဆယ်ရေးစခန်း၊ အင်အား ၁၈၁ ဦးရှိ အလိုတော်ပြည့်ပရဟိတကျောင်း ကယ်ဆယ်ရေးစခန်း၊ အင်အား ၂၂၃၆ ဦးရှိ (၄)မိုင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေး၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၊ ကျောင်းဝတ်စုံ (ဖြူ/စိမ်း) အစုံ (၁၂၀၀)၊ ဗလာစာအုပ် ဒါဇင် ၁၅၀၀၊ ခဲတံ/ ဘောလ်ပင်အစုံ ၁၅၀၀ နှင့် Bridge Asia Japan မှ လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာတို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး အဖွဲ့နှင့်ပါရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ဖြစ်စဉ်များအား မေးမြန်းခြင်း၊ အားပေးခြင်း၊ လတ်တလောနှင့် ရေရှည်ထောက်ပံ့ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ကယ်ဆယ်ရေး စခန်းများ၌ ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်အတွက် စိတ်မကောင်းပါကြောင်း၊ အိုးအိမ်များ ယခင်အတိုင်းဖြစ်အောင် ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်အောင်ဆောင်ရွက်ပေးပြီး လုပ်ကိုင်စားသောက်နိုင်အောင် ဖန်တီးပေးမည်ဖြစ်ကြောင်း၊ လုံလုံခြုံခြုံနှင့် ကိုယ့်ရွာကိုယ်ပြန်လည်ထူထောင်နိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အစိုးရသာမက တိုင်းရင်းသားပြည်သူများမှပါ ဝိုင်းဝန်းကူညီကြည့်ရှု စောင့်ရှောက်ပေးမည် ဖြစ်ကြောင်း၊ အကြမ်းဖက်သူများအား တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ သည်းခံစိတ်နှင့်မေတ္တာတရားကိုလည်းထားရှိရန်လိုကြောင်း၊ လတ်တလော စားရေးသောက်ရေးအခြေအနေ အဆင်ပြေအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အချိန်ယူလုပ်ပေးရမည့် ကိစ္စရပ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြား၍ ကျေးရွာသူ/ကျေးရွာသားများ၏ အခက်အခဲများကို မေးမြန်းသည်။

## အမြဲရပ်တည်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Mr. Vijay Nambiar က မိမိသည် ပြည်ထောင်စုဝန်ကြီး၏ ဖိတ်ကြားချက်အရ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ဥပဒေမဲ့ အကြမ်းဖက်ခံရသော ပြည်သူများ၏ လက်ရှိခံစားမှုကို နားလည်သဘောပေါက်ပါကြောင်း၊ ပစ္စည်းဥစ္စာနှင့် အခြားဆုံးရှုံးမှုများထက်စိတ်ပိုင်းဆိုင်ရာ ခံစားမှုဒဏ်ဖြစ်ပေါ်မှုကို ဖြေဖျောက်နိုင်ရန်ခက်ခဲပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ကယခုအဖြစ်အပျက်ပေါ် အရေးပေါ်အခြေအနေကြေညာပြီး တရားဥပဒေစိုးမိုးရေးအတွက်ဆောင်ရွက်မှုများလုပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဒေသရှိပြည်သူများ၏ ပြန်လည်ထူထောင်ရေးကို အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ရှည်လများ အတူနေထိုင်ခဲ့ကြသည့်သူများကြားမှာ စည်းလုံးချစ်ကြည်စွာ နေထိုင်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ လာရောက်သည့်ရည်ရွယ်ချက်မှာ အကြမ်းဖက်မှုခံစားရခြင်းကို ကိုယ်ချင်းစာနာကြောင်းဖော်ပြ၍ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပေးလို၍ ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ပြည်သူနှင့်အစိုးရဘက်မှ အမြဲရပ်တည်နေပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam က ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ယခင်က ဤဒေသကို ကူညီပေးခဲ့ရာ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ကိစ္စရပ်အပေါ် အထူးအရေးပေါ်လိုအပ်ချက်အဖြစ်လက်ခံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ အစိုးရနှင့် ကုလသမဂ္ဂပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အတိဒုက္ခရောက်ရှိနေသူများကို လုံခြုံမှုပေးထားပြီး မိမိရပ်ရွာသို့ လုံခြုံစွာပြန်နိုင်ရေးဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ပေးရန်ရှိသည့် လုပ်ငန်းများအားလုံးအနက် အဓိကကျသည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ထူထောင်နိုင်

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Johannes Ten Feld က UNHCR အနေဖြင့် လူမျိုးဘာသာမခွဲခြားဘဲ လူသားချင်းစာနာသည့်အထောက်အကူများ ပေးနေပါကြောင်း၊ ဤဒေသရှိပြည်သူများ ငြိမ်းချမ်းစွာနေထိုင်သည်ကို မြင်လိုပါကြောင်း၊ မကြာမီပြေလည်သွားမည်ဟု ထင်ပါကြောင်း၊ တရားခံများကိုလည်း ဥပဒေနှင့်အညီ စီမံနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လိုအပ်ချက်များအပေါ် ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပိုမိုသည်းခံနိုင်စွမ်းရှိသည့် လူမှုအသိုင်းအဝိုင်းတစ်ခုကို ထူထောင်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေသာလီစံပြ ကျေးရွာပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ၎င်းကျေးရွာအနီးရှိ သောင်ပိုင်ညာကျေးရွာ၌ ကျေးရွာသားများနှင့်တွေ့ဆုံသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်ကြသော UNDP ၊ UNHCR ၊ WFP ၊ OCHA အဖွဲ့များအနေဖြင့် အကြမ်းဖက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသော တိုင်းရင်းသားကျေးရွာ ၁၂ ရွာနှင့် မောင်တောမြို့ ရပ်ကွက်(၃)နှင့်(၅)မှ ပြည်သူများအတွက် လိုအပ်သော အထောက်အပံ့များရရှိရေးကို အမြန်ဆုံးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့မှလိုက်ပါလာခဲ့သော အစ္စလာမ်ဘာသာရေးခေါင်းဆောင် ၁၅ ဦးတို့ကလည်း နံနက် ၁၁ နာရီတွင် မောင်တောမြို့ မြို့မိမြို့ဖများ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အစ္စလာမ်ဘာသာရေးတရားတော်နှင့်အညီ ငြိမ်းချမ်းစွာနေထိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အတူလိုက်ပါလာသော ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့ ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် နတ်တလင်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**နတ်တလင်း ဇွန် ၁၄**

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ပတ်ဝန်းကျင်မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံးပါဝင်ဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့်အညီ နတ်တလင်းမြို့နယ် တင်ပြင်ခွေကျေးရွာအုပ်စုအတွင်း ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နတ်တလင်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ကျော် ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ တင်ပြင်ခွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကျွန်းပင် ၈၀၀၊ ယူကလစ် ၈၀၀ နှင့် အခြားအရိပ်ရအပင် ၄၀၀တို့ကို တင်ပြင်ခွေ-ရုံးပင်ဘုရွာကျေးရွာချင်းဆက် လမ်းဘေး ဝဲ/ယာတွင် စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်ပြန်/ဆက်)**



❒ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc. တို့ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် Agreement of Consulting Services အတွက် လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးဦးဇော်မင်းအား တရုတ်နိုင်ငံ China Datang Overseas Investment Co., Ltd.President, Mr. Duan Zhongmin နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့အမွေအနှစ်များစီမံခန့်ခွဲရေးအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရန်ကုန်မြို့၌ကျင်းပ



**ကမ္ဘာ့အမွေအနှစ်များ စီမံခန့်ခွဲရေးအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ပျူရှေးဟောင်းမြို့များဖြစ်သည့် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းသတ်မှတ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းများ၏ Management Plan ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်နှင့် World Heritage Centre မှ ကမ္ဘာ့အမွေအနှစ်များအတွက် သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာ စံညွှန်းများကို မြန်မာနိုင်ငံမှ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ နားလည်သဘောပေါက်စေရန်နှင့် ပျူရှေးဟောင်းမြို့များအတွက် ရေးဆွဲလျက်ရှိသောNomination Dossier ကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ်၍ ယူနက်စကိုအဖွဲ့အစည်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့ဦးစီး၍ ကမ္ဘာ့အမွေအနှစ်များ စီမံခန့်ခွဲရေးအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၇ရက်တွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌လည်းကောင်း၊ ဇွန် ၉ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌လည်းကောင်း ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ယူနက်စကိုမှ ပညာရှင်ငါးဦး၊ ယူနက်စကို-ဗန်ကောက်မှ အရာရှိတစ်ဦး၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့မှပညာရှင်များနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြပြီး ဇွန် ၇ရက်တွင် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရှိရာနေရာများ၊ တူးဖော်ထားသည့် Sites များကိုသွားရောက်လေ့လာကာ အခြေအနေသုံးသပ်ခြင်း၊ စီမံခန့်ခွဲရန်လိုအပ်သည့်နေရာများ သတ်မှတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဇွန် ၉ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ယူနက်စကိုမှ ပညာရှင် Mr. Gamini Wijesuriya နှင့် Mr. Richard Engelhardt၊ Mr.Nilan Cooray နှင့် Mr. Vira Rojpojchanarat၊ ဦးစန်းဝင်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)၊ ဦးသန်းဇော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)၊ ဒေါက်တာပွင့် (တွဲဖက်ပါမောက္ခ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဦးဝင်းကြိုင်(ကျောင်းအုပ်ကြီး ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း)နှင့် ဒေါ်စုစု(ပါမောက္ခ၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)တို့က ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များ၊ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံ ပျူရှေးဟောင်းမြို့များ၏ စီမံခန့်ခွဲရေးဆိုင်ရာအစီအစဉ်များတွင် နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ ကိုက်ညီအောင် ပြန်လည်ဖြည့်စွက်ခြင်း၊ ပျူရှေးဟောင်းမြို့များရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ဇွန် ၁၃ ရက်မှ စတင်ပြီး ယူနက်စကိုမှ တာဝန်ရှိသူများ၊ Nomination Dossier မူကြမ်းရေးဆွဲရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ပြည်တွင်းပညာရှင်များနှင့် တာဝန်ရှိသူများပါဝင်သည့် Working Session အစည်းအဝေးကိုကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ငါးမြစ်ချင်း မွေးမြူရေးငါး ပြည်ပတင်ပို့ဈေးနှုန်း တိုးမြှင့်ပေးရန်လိုလား

**ရန်ကုန် ဇွန် ၁၄**

မိုးဦးကျရာသီတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများအနေဖြင့် မိုးလေပြင်းထန်၍ ငါးအထိအမိနည်းပါးကာဈေးကွက်အတွင်းပင်လယ်ငါးဝင်ရောက်မှုနည်းပါးခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌လည်း ငါးရစ်ငါးသန်ပေါက်ဖွားချိန်ဖြစ်သဖြင့် ငါးလုပ်ငန်းဦးစီးဌာနက ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားခြင်းနှင့် ရေချိုငါးဝင်ရောက်မှုနည်းပါးခြင်းတို့ကြောင့် နှစ်စဉ်ထိုအချိန်တွင် ဈေးကွက်အတွင်းသို့ မွေးမြူရေးငါးများပိုမိုတင်သွင်းဖြည့်ဆည်းပေးလျက်ရှိသည်။

ငါးမွေးမြူသူများမှာ လွန်ခဲ့သောတစ်နှစ်ကျော်ကာလမှ စတင်လျက်ငွေလဲလှယ်နှုန်းကြောင့် မြန်မာကျပ်ငွေလျော့နည်းရရှိခြင်း၊ ပြည်ပသို့ရောင်းချရာတွင် ဈေးပို၍မရခြင်း၊ အစာစရိတ်၊ သယ်ယူစရိတ်၊ ဝန်ထမ်းစရိတ်စသည့်စရိတ်များ တိုးမြင့်လာခြင်းတို့ကြောင့် ငါးများအား ဆက်လက်မွေးမြူနိုင်ခြင်းမရှိတော့သဖြင့် ငါးများကိုအရွယ်မရောက်မီဈေးကွက်အတွင်းတင်ပို့ရောင်းချခဲ့သည်။ ယင်းသို့ရောင်းချရာတွင် ငါးမြစ်ချင်းတစ်ပိဿာလျှင်ငွေကျပ် ၆၀၀အရှုံးပေါ်ပြီး ငါးပိဿာချိန် ၂၀၀၀ ထွက်သည့် တစ်ကေငါးကန် တစ်ကန်လျှင်ငွေကျပ် ၁၂သိန်းခန့် အရှုံးပေါ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့်ငါးမွေးမြူသူအချို့က ဆက်လက်မွေးမြူခြင်းမပြုတော့ခြင်းကြောင့် ငါးမွေးကန်များလျော့နည်းလာခြင်းနှင့် အရွယ်ရောက်ငါးရှားပါးလျက်ရှိခြင်းတို့ဖြင့် တွေ့ကြုံနေရသည်။

မေ ၈ရက်မှ ဇွန် ၁၀ရက်အထိကာလအတွင်း ယခင်နှစ်ကထက် ငါးမြစ်ချင်းတန်ချိန် ၄၀၀၀ကျော်ကို ပြည်ပသို့တင်ပို့မှုလျော့နည်းခဲ့ပြီး ပြည်တွင်း၌လည်း ဇွန် ၁၂ရက်တွင်ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး၌ မွေးမြူရေးငါးဝင်ရောက်မှုနည်းပါးသဖြင့် ငါးဒိုင်များ၌ရောင်းချရန် ငါးမရှိဖြစ်နေသည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)**

ထို့ကြောင့် ငါးမွေးမြူသူများက ပြည်ပတင်ပို့သည့် ငါးမြစ်ချင်းငါးများအား ဈေးနှုန်းတိုးမြှင့်ပေးရန်လိုလားလျက်ရှိကြသည်။ ဈေးနှုန်းပိုမိုရရှိခြင်းဖြင့် စရိတ်စကများကိုဖာထေးမိကာ ငါးမွေးမြူရေးလုပ်ငန်းကို ပိုမိုအားထည့်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းငါးဈေးကွက်၏လိုအပ်ချက်ကိုလည်း ဖြည့်တင်းပေးရာရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ညွန့်သန်း)**

# မိုးစပါးစိုက်ပျိုးစရိတ်များ မိတ္ထီလာ၌ ထုတ်ချေး

**မိတ္ထီလာ ဇွန် ၁၄**

မိတ္ထီလာမြို့နယ်၌ တောင်သူလယ်သမားများအား မိုးစပါးသီးနှံစိုက်ပျိုးချိန်တွင် ငွေကြေးအခက်အခဲ မရှိစေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိသည်။

၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံစိုက်ပျိုးဧက တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဇွန် ၁၄ ရက်မှ စတင်၍ အရာတော်ကျေးရွာအုပ်စုရှိ တောင်သူလယ်သမား ၁၆၀ ကို မိုးစပါးစိုက်ဧက ၅၀ နှင့်အခြားစိုက်ပျိုးသီးနှံ စိုက်ဧက ၁၁၀၃ အတွက် ချေးငွေကျပ် ၁၃၅ သိန်းကျော် ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၆ အုပ်စုမှ ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံစိုက်ပျိုးလျာထားဧက ၂၁၁၀၀ အတွက် ငွေကျပ် သန်း ၁၀၅၅ ကို ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။ (၄၀၇)

# မြန်မာ-ဥရောပ ဆုံစည်းကြ လွှတ်တော်များမှာ -

မောင်သံငြိမ်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဥရောပနိုင်ငံများ ချစ်ကြည်ရေးခရီးစဉ်မှာ သမိုင်းတွင်ရစ်မည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခု ဖြစ်ပါသည်။ လွန်ခဲ့သည့် ၂၄-၂၅ နှစ်ခန့်ကာလကစပြီး အကြောင်းအမျိုးမျိုးကြောင့် အနောက်နိုင်ငံအတော်များများနှင့် ပုံမှန်ဆက်ဆံရေးအားနည်းခဲ့ရာ ယခုနှစ်ပေါင်း ၂၅ နှစ်ခန့်ကြာကာလရောက်ရှိမှ မြန်မာနှင့် ဥရောပနိုင်ငံများအကြား မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် ဤခရီးစဉ်ကို သမိုင်းတွင်မည့် ချစ်ကြည်ရေးခရီးစဉ်ဟု ဆိုနိုင်ပါသည်။ လွှတ်တော်များအချင်းချင်းဆက်ဆံရေးမှစတင်သည်ဖြစ်၍ တစ်နည်းအားဖြင့် မြန်မာ-ဥရောပ (ပြန်လည်)ဆုံစည်းကြ လွှတ်တော်များမှာဟု ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသမိုင်းတွင် ပါတီစုံပါဝင်ခဲ့သည့် ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသော လွှတ်တော်များ ကွယ်ပျောက်ခဲ့သည့် နှစ် ၅၀ ခန့်ကာလ၊ တစ်ပါတီစနစ်ကျင့်သုံးသည့် လွှတ်တော်များ ဖျက်သိမ်းပြီး နှစ်ပေါင်း ၂၄ နှစ်ခန့်ကာလနောက်ပိုင်း၊ ၂၀၀၈ ခုနှစ်တွင်မှ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပြည်သူများ၏ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များရွေးချယ်၍ လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လွှတ်တော်များဖွဲ့စည်းပေါ်ပေါက်၍ ရွေးချယ်တင်မြှောက်ခန့်အပ်ထားသော အစိုးရအဖွဲ့က လွှတ်တော်နှင့်လက်တွဲ၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ်များ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာအသိုင်းအဝိုင်းက အံ့သြမှုအပြည့်၊ ဂုဏ်ပြုချီးကျူးမှုအသွယ်သွယ်ဖြင့် ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။ ညင်သာသိမ်မွေ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးလှုပ်ရှားမှုများကို နှုတ်မှထုတ်ဖော်ပြောကြားရင်း လက်ကမ်းကြိုဆိုကူညီလိုကြပါသည်။ နိုင်ငံတကာမှ ဧည့်သည်ကိုယ်စားလှယ်အဖွဲ့များ တဖွဲဖွဲလာရောက်လေ့လာဆွေးနွေးကြသည့်နည်းတူ ဖိတ်မန္တက ပြုမှုများလည်းရှိကြပါသည်။

မြန်မာလွှတ်တော်များသည် နှစ်အတန်ကြာ ကင်းကွာနေသော လွှတ်တော်လုပ်ငန်းစဉ် အတွေ့အကြုံများနည်းပါးခဲ့ရာ လွှတ်တော်များအစီအစဉ်ဖြင့် အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍လွှတ်တော်ကော်မတီများ၊ ကိုယ်စားလှယ်များ၏ အရည်အသွေး၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်ဥက္ကဋ္ဌများ ခေါင်းဆောင်၍လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များ ပါဝင်ဖွဲ့စည်း၍လည်းကောင်း ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးများသွားရောက်လျက် လေ့လာဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်များခိုင်မာမှ ဒီမိုကရေစီလမ်းစဉ်ခိုင်မာမည်၊ လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းပြည့်ဝမှ လွှတ်တော်အရည်အသွေးမြင့်မားမည်။ နိုင်ငံနှင့် ပြည်သူများအကျိုးကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် သယ်ပိုးဆောင်ရွက်နိုင်မည်ဟု မိန့်ကြားခဲ့ပြီး (Capacity Building) လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဥရောပနိုင်ငံများ ချစ်ကြည်ရေးခရီးစဉ်သည် လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်ပြီးနောက် ပြည်သူ့လွှတ်တော်၏ စတုတ္ထမြောက်သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ် ဖြစ်ပါသည်။ (ယခင်က ရုရှား၊ အိန္ဒိယနှင့် တရုတ်လွှတ်တော်များသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဖြစ်ပါသည်။) ယခုသွားရောက်သည့် ဥရောပခရီးစဉ်မှာ ၂၀၁၁ ခုနှစ် အောက်တိုဘာလကပင် စတင်ဖိတ်ကြားချက်ရှိခဲ့ပြီး အခြားဖိတ်ကြားမှုများနှင့် တိုက်ဆိုင်နေ၍လည်းကောင်း၊ လွှတ်တော်၏ ပုံမှန်အစည်းအဝေးများ ကျင်းပနေ၍လည်းကောင်း ရွှေ့ဆိုင်းခဲ့ရပြီး ထပ်မံရရှိသည့် ဖိတ်ကြားချက်များနှင့်အတူ ယခုမှ တစ်ပေါင်းတည်း စီစဉ်သွားရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

ခရီးစဉ်ကို ကမ္ဘာပေါ်ရှိ ဒေသဆိုင်ရာအဖွဲ့အစည်းများအနက် အင်အားကြီးမားသော နိုင်ငံကြီးများအပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံ ပါဝင်ဖွဲ့စည်းထားပြီး၊ လူဦးရေသန်းငါးရာခန့်ကို ကိုယ်စားပြုသည့် ဥရောပသမဂ္ဂအဖွဲ့ ဥရောပပါလီမန်အကြီးအကဲဥက္ကဋ္ဌ၏ ဖိတ်ကြားမှုကို ဦးတည်၍ စီစဉ်ခဲ့ပါသည်။ သို့ရာတွင် ခရီးစဉ်အရ ဂျာမနီနိုင်ငံသို့ ဦးစွာသွားရောက်ပြီးမှ ဥရောပသမဂ္ဂကောင်စီ၊ ကော်မရှင်နှင့်ပါလီမန်များ တည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံသို့ သွားရောက်ခဲ့ရပါသည်။ ထို့နောက် ဖိတ်ကြားမှုများရှိသော နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံ ပါလီမန်များသို့ ခရီးဆက်ခဲ့ရပါသည်။ ခရီးစဉ်တွင် ဖိတ်ကြားရက် အနေအထားအရလည်းကောင်း၊ ခရီးသွားဟန်လွှဲ ဖြတ်သန်းရောက်ရှိခိုက် လေ့လာသင့်သဖြင့်လည်းကောင်း ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံများသို့ပါ ရောက်ရှိလေ့လာခဲ့ကြသည်။ ခရီးသွားရက် ၁၈ ရက်အတွင်း နိုင်ငံပေါင်း ၇နိုင်ငံသို့ ရောက်ရှိလေ့လာနိုင်ခဲ့ပါသည်။

ရောက်ရှိရာနိုင်ငံတိုင်းတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဂုဏ်သတင်းကြောင့် ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာကြိုဆိုဧည့်ဝတ်ပြုကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံတော်သမ္မတနှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၏ ခေါင်းဆောင်မှုကို နိုင်ငံတကာက ချီးကျူးဂုဏ်ပြုကြလေ့ရှိရာ ယခုကဲ့သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် မျက်နှာစုံညီတွေ့ဆုံဆွေးနွေးခွင့်ရရှိခြင်းအတွက် အပြန်အလှန်နားလည်လေးစားမှုနှင့် ခင်မင်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၏ ပွင့်လင်းဖော်ရွေမှု၊ ရိုးသားမှု၊ စိတ်ရှည်လက်ရှည်နားထောင်ပြီး အေးဆေးတည်ငြိမ်စွာ ပြန်လည်ဆွေးနွေးတတ်မှုကို အသိအမှတ်မပြုဘဲ မနေနိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက်ဟူသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်များက ဆောင်ရွက်နေမှုကို ရောက်ရာနေရာတိုင်းတွင် လွှတ်တော်ဥက္ကဋ္ဌက အချိန်ယူရှင်းပြသည်။ အားလုံးက စိတ်ဝင်စားကြပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဓိကကျသော ဥရောပသမဂ္ဂ၏ ဥရောပပါလီမန်ဥက္ကဋ္ဌ၊ ဂျာမနီနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ နော်ဝေးနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ ဒိန်းမတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် ဆွေးနွေးနိုင်ခဲ့ပါသည်။ လွှတ်တော်များ၏ ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များ၊ လေ့လာဆွေးနွေးရာတွင် အထက်ပါနိုင်ငံများ၏ လွှတ်တော်များအပြင် ခရီးစဉ်ကြုံကြိုက်၍ ပြင်သစ်နိုင်ငံလွှတ်တော်ကိုပါ ဝင်ရောက်လေ့လာ ဆွေးနွေးနိုင်ခဲ့ပါသည်။ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံများမှာ ချစ်ကြည်ရေးခရီးစဉ်တွင် တရားဝင်ပါရှိခြင်းမရှိဘဲ ဖိတ်ကြားသည့် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့အကူး အချိန်ရသဖြင့် ဖြတ်သန်းသွားလာခြင်းဖြစ်ပြီး ရုံးပိတ်ရက်၊ လွှတ်တော်နားရက်များဖြစ်၍ ဝင်ရောက်လေ့လာဆွေးနွေးရန် တောင်းဆိုခြင်းမပြုသော်လည်း ခရီးစဉ်ကိုသိနေသည့် အိမ်ရှင်နိုင်ငံများက ခင်မင်ရင်းနှီးမှုရှေ့ထားပြီး ဆွေးနွေးလေ့လာရန် စီစဉ်ပေးသဖြင့် ဆွေးနွေးလေ့လာခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံသို့ ဖြတ်သန်းဝင်ရောက်သည့်နေ့မှာ စနေနေ့ဖြစ်သော်လည်း ပြင်သစ်လွှတ်တော်၏ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်ဆောင်ရွက်မှုကို ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ခန်းမအတွင်း လှည့်လည်ပြသပေးခဲ့ပါသည်။

ယူကေနိုင်ငံသို့ သောကြာနေ့နှင့် စနေနေ့များတွင် ရောက်ရှိသွားရာ ဗြိတိသျှလွှတ်တော်၏ အစဉ်အလာအရ သောကြာနေ့တိုင်းသည် လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေသို့ သွားရောက်၍ မဲဆန္ဒရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး မဲဆန္ဒရှင်များ၏ တင်ပြချက်ကို ကြားနာရသည့်နေ့ ဖြစ်ပါသည်။ ၎င်းလုပ်ငန်းကို ဆာချရီ (Surgery) ပြုလုပ်သည်ဟု ခေါ်သည်။ ခွဲစိတ်ကုသခြင်းနှင့် အဓိပ္ပာယ်တူညီနေပါသည်။ မိမိမဲဆန္ဒရှင်များ၏ ဆန္ဒသဘောထားကို ခွဲခြမ်းစိတ်ဖြာကြားနာသည်ဆိုလျှင် မှားအံ့မထင်ပါ။ ယူကေနိုင်ငံသို့ လွှတ်တော်ကိုယ်စားလှယ်များ မအားလပ်သည့်ရက်၊ ရုံးပိတ်ရက် ရောက်ရှိသွားသော်လည်း အောက်လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်မှာ ပြည်ပသို့ရောက်ရှိနေကြသော်လည်း သူ၏အကြံပေးပုဂ္ဂိုလ်က အမှတ်(၁၀) ဒေါင်းနင်းလမ်း၊ ဝန်ကြီးချုပ်ရုံးတွင် လက်ခံဧည့်ဝတ်ပြုခဲ့ပါသည်။ လွှတ်တော်မှတာဝန်ရှိသူက လွှတ်တော်၏ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်ဆောင်ရွက်မှုကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ လွှတ်တော်အတွင်း လှည့်လည်ပြသခဲ့သည်။ လွှတ်တော်အတွင်း လှည့်လည်ပြသရာ ဒုတိယကမ္ဘာစစ်အတွင်း လန်ဒန်မြို့ ဗုံးကြဲခံရစဉ်က ထိခိုက်ခဲ့သည့် လွှတ်တော်အတွင်း တစ်နေရာကို ပြုပြင်မွမ်းမံခြင်းမပြုဘဲ ဒီအတိုင်းထားသည်။ ၎င်းနေရာနားမှာ စစ်အတွင်း ဝန်ကြီးချုပ်တာဝန်ထမ်းခဲ့သူ မစ္စတာချာချီ၏ ရုပ်တုကြီးရှိသည်။ ဟန်ပန်အမူအရာက စိတ်ဆိုးနေသည့်အသွင် တွေ့ရှိရသည်။ ပါလီမန်များ၏ မိခင် (Mother of Parliament) ဟုတင်စားခေါ်ခဲ့သော ဗြိတိသျှလွှတ်တော်မှာ လေ့လာစရာများပြားလှသည်။ ဗြိတိသျှလွှတ်တော်က ဖြန့်ဝေသော “သင်နှင့်ပါလီမန်လမ်းညွှန်စာစောင်၊” “ပါလီမန်က ဘာတွေဆောင်ရွက်သနည်း” ခေါင်းစဉ်အောက်တွင် ပါလီမန်နှင့်အစိုးရသည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ ဥပဒေများပြုစုပြဋ္ဌာန်းနိုင်ရေးတွင် ကဏ္ဍတစ်ခုစီမှ အသီးသီးပါဝင်ကြသည် ဟူ၍လည်းကောင်း၊ ပါလီမန်က တာဝန်ယူရမည့်ကိစ္စရပ်များမှာ ဥပဒေပြုခြင်း (Legislation)၊ ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ စစ်ဆေးခြင်း၊ ဆွေးနွေးခြင်း၊ အစိုးရ၏လုပ်ငန်းများကို စိစစ်ခြင်း (Scrutiny) နှင့် အစိုးရက အခွန်အခများ တိုးမြှင့်ရရှိကောက်ခံနိုင်ရန် ကူညီခြင်းဟူ၍ ဖော်ပြထားသည်ကို မှတ်သားဖွယ်ရာ လေ့လာတွေ့ရှိရပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာခဲ့သည့် နိုင်ငံများတွင် လေ့လာဖွယ်ရာများ ကဏ္ဍမျိုးစုံရှိပါသည်။ တစ်ချိန်က လယ်ယာစိုက်ပျိုးရေးကိုသာအခြေခံခဲ့သော ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်သည် ယနေ့ကမ္ဘာပေါ်ရှိ နာမည်ကြီး မော်တော်ကားထုတ်လုပ်ရာ စက်ရုံများအခြေစိုက်သည့် နေရာဖြစ်လာသည်။ စက်မှုလက်မှုထွန်းကားရာ နိုင်ငံ၏ အတိုးတက်ဆုံးပြည်နယ်တစ်ခုအဖြစ် ရပ်တည်လာရန် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်မှုကို လေ့လာနိုင်သည်။ လွန်ခဲ့သည့် နှစ်တစ်ရာခန့်ကာလက ဥရောပတိုက်ရှိ အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့သည်ဆိုသော နော်ဝေးနိုင်ငံ၏ ယနေ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ အံ့သြဖွယ်ရာ တိုးတက်ဖြစ်ပေါ်လာမှု၊ (နှစ် ၂၀ အတွင်း သုံးဆကျော်တိုးမြှင့်လာမှု)၊ အမျိုးသမီးများ အလုပ်လုပ်ကိုင်မှု၊ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံရမှုမှာ ၄၀ ရာခိုင်နှုန်းကျော်ရှိသည့်အခြေအနေ စသည်များကို လေ့လာနိုင်ခဲ့ပါသည်။ ပညာရေးကဏ္ဍတွင် ဂျာမနီနိုင်ငံ၊ ဒိန်းမတ်နိုင်ငံများတွင် လူကြိုက်များနေသော ဒွိစုံပညာရေးစနစ်(Dual Education System)မှာလည်း လေ့လာဖွယ်ရာဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှု၊ ဇွဲလုံ့လရှိမှုတို့တွင် ထင်ရှားသည့်နိုင်ငံများတွင် တရားဥပဒေစိုးမိုးမှု၊ ဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်မှု အလေ့အထစနစ်များထွန်းကားသည့်အခါ ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဆင့်သို့ ရောက်ရှိရသည်မှာ သဘာဝပင်ဖြစ်ပါသည်။

စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များပေါ်ထွန်းရာ တိုင်းပြည်များ၏ဖွံ့ဖြိုးတိုးတက်မှုမှာအားကျအတုယူဖွယ်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်တွင်ခိုင်မာသော ဥပဒေပြုအဖွဲ့အစည်း(လွှတ်တော်)နှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သောအဖွဲ့အစည်း(အစိုးရ)၏ အခန်းကဏ္ဍမှာ များစွာအရေးကြီးကြောင်း တွေ့ရှိရသည်။ တက်ညီလက်ညီဆောင်ရွက်နေမှုမှာ အားကျဖွယ်ရာဖြစ်ပါသည်။

လေ့လာတွေ့ရှိရသည်မှာ ပြည်သူက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသောလွှတ်တော်များ၏လုပ်ငန်းတာဝန်၊ လုပ်ငန်းစနစ်များကို သာမန်ပြည်သူများကပါ စိတ်ဝင်စားသည်၊ လေ့လာသည်၊ သိရှိရန်ပညာပေးမှု အစီအစဉ်များရှိသည်ကို တွေ့ရပါသည်။ လွှတ်တော်အတွင်းဆွေးနွေးမှုများကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိရာ ပြည်သူ့ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုကို ပြည်သူများတွေ့ရှိနိုင်ပါသည်။ လွှတ်တော်များတွင် ကျောင်းသားလူငယ်အများအပြားအုပ်စုလိုက် လာရောက်လေ့လာနေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

ဂျာမနီနိုင်ငံ လွှတ်တော်အဆောက်အအုံအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိလေ့လာရာ ကျောင်းသားလူငယ်အုပ်စုအများအပြားတွေ့ရသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ချစ်စဖွယ်ကျောင်းသားအုပ်စုတစ်စုကို နှုတ်ဆက်သည်။ မြန်မာနိုင်ငံကို သိသလားမေးရာ မသိကြ။ အတူပါလာသည့်ဆရာက ရှင်းပြရာ ကျောင်းသားလေးများက(Long Live Myanmar, Long Live Mr. Speaker) မြန်မာနိုင်ငံအဓွန့်ရှည်ပါစေ၊ ဥက္ကဋ္ဌကြီးအသက်ရှည်ပါစေဟု ပြန်လည်နှုတ်ဆက်သည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ခဲ့ရပါသည်။ ကျောင်းသားအရွယ်ကလေးသူငယ်ဘဝကပင် လွှတ်တော်တွေ ဘာလုပ်သည်ကို သူတို့သိခွင့်ရနေကြပါသည်။

ခရီးစဉ်အတွင်း အခြားကြည်နူးဖွယ်ရာမြင်ကွင်းတစ်ရပ်မှာ မြန်မာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိသည့် သတင်းကိုကြားသိရသည့် မြန်မာလူမျိုးများက ကိုယ်စားလှယ်အဖွဲ့တည်းခိုရာဟိုတယ်များသို့ လာရောက်နှုတ်ဆက်ကြသည့်မြင်ကွင်းဖြစ်ပါသည်။ လာရောက်ကြသူများက ဆွေမျိုးသားချင်း မြန်မာများဖြစ်သည်။ သိသူပါသည်ဖြစ်စေ၊မပါသည်ဖြစ်စေ မိတ်ဆက်ပြီးနှုတ်ဆက်ကြသည်။ မြန်မာက မြန်မာပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်နေသူများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခြေလှမ်းများကို သိနေကြသည်။ ပိုမို၍သိလိုကြသည်။ မေးခွန်းထုတ်သူများလည်းပါသည်။ ပြန်လာလို၍မေးမြန်းသူများလည်းရှိသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှစ၍ ကိုယ်စားလှယ်အဖွဲ့ဝင်များက နွေးထွေးစွာတုံ့ပြန်မှုကို အားရကျေနပ်ကြပါသည်။ လန်ဒန်မြို့တွင် သံအမတ်ကြီးနေအိမ်၌ မြန်မာအသင်း၊ မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီးတွေ့ခွင့်ရရှိခဲ့သည်။ ဒီဗွီဘီ၊ ဘီဘီစီ စသည့်အသံလွှင့်ဌာနများကလည်း ဥက္ကဋ္ဌများအား တွေ့ဆုံမေးမြန်းမှု ပြုလုပ်ပါသည်။ နိုင်ငံခြားသားသတင်းထောက်က မော်တော်ကားပေါ်လိုက်ပါ၍ တွေ့ဆုံမေးမြန်းသည်လည်း ရှိပါသည်။ ရိုးသားဖော်ရွေပွင့်လင်းစွာ တုံ့ပြန်မှုကို အသိအမှတ်ပြုကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့ ပြည်ပရောက် မြန်မာများက မြန်မာမုန့်ဟင်းခါးဖြင့် ဧည့်ခံခြင်းကို အားပေးခဲ့ရသည်ဟု ဆိုပါသည်။

မြန်မာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဥရောပနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ အဓိကဖြစ်သော လွှတ်တော်များနှင့်ထိတွေ့ လေ့လာမှုများကို အချိန်ပေး လေ့လာခဲ့သည်။ ရေးသားဖော်ပြရန် အကြောင်းအရာအများအပြားရှိ၍ အကျဉ်းမျှသာ ဖော်ပြနိုင်သည်။ လွှတ်တော်များက တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူကြ၊ လွှတ်တော်တစ်ရပ်တည်းရှိသလို လွှတ်တော်နှစ်ရပ်ရှိသည့် နိုင်ငံများသို့လည်း ရောက်ရှိခဲ့ပါသည်။ ဂျာမနီနိုင်ငံတွင် အောက်လွှတ်တော်ကို (ဘွန်ဒတ်စတက်) (Bundestag) ဟုခေါ်ပြီး အထက်လွှတ်တော်ကို (ဘွန်ဒတ်ရက်) (Bundesrat) ဟုခေါ်သည်။ နော်ဝေးနိုင်ငံတွင် လွှတ်တော်တစ်ရပ်သာရှိပြီး (စတောတင်း) (Storting) ဟုခေါ်သည်။ ဒိန်းမတ်နိုင်ငံတွင် လွှတ်တော်တစ်ခုသာရှိပြီး ၎င်းကို (ဖော့ကီတင်) (Folketing) ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် (လွှတ်တော်) ဟုခေါ်သလိုဖြစ်ပါသည်။ လွှတ်တော်ကော်မတီများနှင့် ဆွေးနွေးမှုတွင် သတ်မှတ်ချိန်တွင် ဆွေးနွေးမှုမပြီး၍ နေ့လယ်စာစားရင်း၊ ညစာသုံးဆောင်ရင်း ဆွေးနွေးမေးမြန်းနိုင်ပါကြောင်း အိမ်ရှင်များက မေတ္တာရပ်ခံရပါသည်။ ၇ နာရီက စသည့် ညစာစားပွဲ ၉ နာရီကျော်မှ ပြီးလေ့ရှိသည်။ စာအုပ်စာတမ်းအများအပြားလည်း သယ်ဆောင်ရပါသည်။ မိမိနိုင်ငံ၊ မိမိအခြေအနေနှင့် ဆီလျော်ကိုက်ညီမှု ရှိ/မရှိကို ဆန်းစစ်လေ့လာရပါမည်။

ဆွေးနွေးမှုများပြုလုပ်ရာတွင် ထူးခြားမှုတစ်ရပ်မှာ ပြည်ပနိုင်ငံများက စိတ်ဝင်စားနေသော ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ ကိုယ်တိုင်ပါဝင်ပတ်သက်ဆောင်ရွက်နေသော တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးနှစ်ဦး၏ ရှင်းလင်းဆွေးနွေးမှု ဖြစ်ပါသည်။ ကချင်နှင့် ရှမ်းတိုင်းရင်းသူ အမျိုးသမီးများ ဖြစ်ကြပါသည်။ တစ်ဦးမှာ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု ကော်မတီအတွင်းရေးမှူး ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နော်ဝေးနိုင်ငံခရီးစဉ်တွင် အခြားနိုင်ငံများထက် ကိုယ်စားလှယ်အဖွဲ့ဝင်ဦးရေကများသည်။ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးသံအမတ်ကြီးကိုယ်တိုင် လိုက်ပါကူညီသည်။ လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီ ၁၀ ခုမှ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးပါဝင်ခဲ့သည်။ ပြီးခဲ့သည့် ၁၀ ရက်ကျော်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာပြုခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်သည်။ တိုင်းရင်းသားပေါင်းစုံ ကျား/မ စုံလင်သည်။ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ကြသူများလည်းပါဝင်ရာ အိမ်ရှင်များက အပြုံးပန်းဝေဆာပြီး ရင်းနှီးစွာနှုတ်ဆက်ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်(ဖထီး)၏ တကူးတကသယ်ယူလာသော ကရင်တိုင်းရင်းသားဝတ်စုံကို လူကောင်ထွားထွား နော်ဝေးလွှတ်တော်ဥက္ကဋ္ဌကို ကိုယ်တိုင်ဝတ်ပေး၍ အိမ်ရှင်က ပြုံးရွှင်လန်းဆန်းနေသည်။ ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးအမျိုးသမီးမှာလည်း (ဖထီး)၏ ကရင်တိုင်းရင်းသားဝတ်စုံဖြင့် အားရကျေနပ်နေသည်။ လွှတ်တော်ဥက္ကဋ္ဌ၏ ညစာစားပွဲအလှကို ပိုမိုတောက်ပစေပြီး ရင်းနှီးမှုကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ နော်ဝေးနိုင်ငံမှာပင် ၎င်းတို့လွှတ်တော်အစည်းအဝေးကျင်းပချိန်နှင့်တိုက်ဆိုင်နေရာ ဧည့်ဆောင်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ရောက်ရှိစဉ် နော်ဝေးလွှတ်တော်ဥက္ကဋ္ဌက မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိလာကြောင်း ကြေညာပေးသည်။ နော်ဝေးလွှတ်တော်ကိုယ်စားလှယ်များက မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိသည့်နေရာသို့လှည့်၍ နှုတ်ဆက်ကြသည်။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကလည်း ပြန်လည်အသိအမှတ်ပြု နှုတ်ဆက်ခဲ့ကြပါသည်။ ချစ်ကြည်ရေးခရီးစဉ်တွင် လွှတ်တော်ရေးရာနှင့် နိုင်ငံရေးအခြေအနေများသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ယှဉ်တွဲ၍ ပါလာရမည်ဖြစ်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ဆွေးနွေးရန် ဆိုင်ရာလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများလည်း ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ဂျာမနီ၊ နော်ဝေး၊ ဒိန်းမတ်နိုင်ငံများမှ စီးပွားရေး၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် ဥက္ကဋ္ဌဦးဆောင်ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးခဲ့ရပါသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ရသမျှအချိန်အတွင်း နိုင်ငံတော်အတွက် လေ့လာသင့်သည့်၊ ဆွေးနွေးသင့်သည့် အကြောင်းအရာများကို ဆွေးနွေးရန်၊ မှတ်သားရန်၊ အချိန်ကို တန်ဖိုးရှိစွာ အသုံးချရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လမ်းညွှန်ခဲ့ပါသည်။ ယင်းတာဝန်ကို ကိုယ်စားလှယ်အဖွဲ့က စွမ်းဆောင်နိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။ ခရီးစဉ်တွင် လေကြောင်းဖြင့်၊ မော်တော်ကားဖြင့်၊ မီးရထားဖြင့်အပြင် သင်္ဘောခရီးပင် ပါဝင်ခဲ့ပါသည်။ ဂျာမနီနိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံသို့ မော်တော်ကား ၉ နာရီခရီးမှာ လမ်းတစ်လျှောက် သာယာလှပသောရှုခင်းနှင့် ဥရောပနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစေ့တစောင်း လေ့လာခွင့်ရရှိခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ အကြီးဆုံးဆိပ်ကမ်းများအနက်တစ်ခုဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံ အင်သဝက်ဆိပ်ကမ်းကိုလည်း ရှယ်လဒီမြစ်အတွင်းမှ သင်္ဘောဖြင့် လေ့လာခွင့်ရရှိခဲ့ပါသည်။ ဒေသန္တရဗဟုသုတအဖြစ် ဘာလင်တံတိုင်း၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့က ကျင်ငယ်ရေပက်ဖျန်းသည့် ကလေးငယ်အရုပ်အပါအဝင် ကိုပင်ဟောဂင်ဆိပ်ကမ်းက ရေသူမလေးရုပ်တု၊ ပါရီကအီဖယ်မျှော်စင်၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာကန်တော်ရဲ့အလှ၊ လန်ဒန်က ဘစ်ဘင်နာရီစင်၊ နော်ဝေးနိုင်ငံက ဗိုက်ကင်းလှေကြီးများ၊ ဒိန်းမတ်နိုင်ငံက လေရဟတ်များ စသည်ဖြင့် စုံလင်လှပါသည်။ ရသမျှမေးမြန်း လေ့လာခဲ့ကြပါသည်။

ခရီးစဉ်အတွင်း ဥရောပအစားအစာဖြင့် ငြီးငွေ့ချိန်တိုင်း ကြုံကြိုက်ခဲ့ရသည့် ပါရီနှင့် လန်ဒန်မြန်မာသံအမတ်ကြီးများစီစဉ်ပြီး မြန်မာသံရုံးမိသားစုများကတည်ခင်းသည့် မြန်မာထမင်းဟင်း၊ ကူညီပေးကြသည့် သံအမတ်ကြီးများနှင့် သံရုံးဝန်ထမ်းမိသားစုများ၊ ခရီးစဉ်တော်တော်များများကို လိုက်ပါကူညီဆောင်ရွက်ပေးသည့် ဘယ်လ်ဂျီယံနှင့် ဥရောပသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်ကျော်စသည်တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ပြည်သူ့လွှတ်တော်က အစပျိုးလိုက်သည့် မြန်မာ-ဥရောပလွှတ်တော်များဆုံစည်းကြသည့် ချစ်ကြည်ရေးခရီးစဉ်မှ ရှေ့ဆက်၍ နိုင်ငံတကာဆက်ဆံရေးကို တိုးချဲ့ဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်ထွန်းကားသည့် မြန်မာနိုင်ငံတော်ကြီးကို တက်ညီလက်ညီ တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။




# ဒလမြို့နယ် ကမာကဆစ်သမဝါယမ ကူးတို့အသင်း စည်းဝေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်သမဝါယမ ကူးတို့အသင်း၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အစည်းအဝေးကို ဇွန် ၁၃ ရက်က ကမာကဆစ် အလယ်ကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမြင့်ထူးက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်က သမဝါယမအသင်း ပေါ်ပေါက်လာပုံသမိုင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် အမှုဆောင်အဖွဲ့အစီရင်ခံစာကို ကူးတို့ သမဝါယမအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းက ဖတ်ကြားကာ အသင်းအဖွဲ့အစီရင်ခံစာကို အသင်းသား ဦးသန်းလှိုင်ကလည်းကောင်း၊ ဘဏ္ဍာရေး ရှင်းတမ်းကို စာရင်းစစ် ဦးစိန်သန်းကလည်းကောင်း ဖတ်ကြားကြသည်။ ယင်းကမာကဆစ် ကူးတို့ သမဝါယမအသင်းတွင် အသင်းသားပိုင် စက်တပ်ရေယာဉ် ၄၁ စင်းရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ဈေးတန်းရပ်၊ပြည်သာယာလမ်း၊ မြို့နယ်ဘောလုံးကွင်း အနောက်ဘက်၊ ဒေါ်စန်းမြ နေအိမ်တွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ(Danu National Democracy Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၆-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရအများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)၏ အလံပုံစံ**



**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ(Danu National Democracy Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

ကျိုက်လတ် ဇွန် ၁၄

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျံ့ကျဈေးသည်များ၏ သားသမီး ၄၃ ဦးနှင့် အနေးယာဉ်မောင်းများ၏ သားသမီး ၈၀ တို့အား ကျောင်းဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့က ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၃၃)



# နိုင်ငံသားစိစစ်ရေးကတ်များ ရွှေပြည်သာ၌ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

မိုးပွင့်အဆင့်(၃) စီမံချက်အရ ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများသည် ဇွန် ၈ ရက် နံနက် ၉ နာရီကအုတ်ဖိုကျေးရွာအုပ်စုဘုံရှည်ကုန်းကျေးရွာ ဒေသခံပြည်သူများအားနိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၆၆)**



# အင်္ဂပူမြို့နယ်၌ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်

အင်္ဂပူ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာတွင် ပညာ့ဗိမာန် စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရန်ကုန်မြို့နေ အလှူရှင် ဦးဟန်ထွန်းမိသားစုက အလှူငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးမြင့်သိန်းမိသားစုက စာအုပ်စာစောင် ၂၀၀ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးဝင်းရှိန်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးကြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာအုပ်စာစောင်များ တိုးပွားရေးတို့ကို ဆွေးနွေးဟောပြောသည်။ အဆိုပါစာကြည့်တိုက်ကိုနိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်း ငွေကျပ် ၂၃ သိန်း ကုန်ကျခံကာ တည်ဆောက်ခဲ့ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း ရုပ်ရှင်အမြည်း

# မော်ကင်းဥဒါန်းနှင့် နိုင်ငံခြားဇာတ်ကားသစ်သုံးကား ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ဆက်လက်အောင်ပွဲခံပြသ

ရန်ကုန် ဇွန် ၁၄

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် (သောကြာနေ့) ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကား**မော်ကင်းဥဒါန်း**နှင့် နိုင်ငံခြားဇာတ်ကားသစ် သုံးကားဆက်လက်အောင်ပွဲခံ ပြသမည်ဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁) သိမ်ကြီးဈေး ရုပ်ရှင်ရုံများတွင် ဒါရိုက်တာ ဝေမှိုင်းညို ရိုက်ကူးပြီး အကယ်ဒမီညွှန့်ဝင်း၊ အကယ်ဒမီ ကျော်ဟိန်း၊ အကယ်ဒမီ လူမင်း၊ နိုင်းနိုင်းနှင့် အကယ်ဒမီ နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည့် ပင်လယ်ပြင် စွန့်စားခန်းများပါဝင်သော **မော်ကင်းဥဒါန်း** ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်မြို့ မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂) မြေနီကုန်းရုပ်ရှင်ရုံတွင် ဒါရိုက်တာ Isara Nadee ရိုက်ကူးသည့် 407 Dark Flight (3D) ဇာတ်ကား၊ **(အောက်ပုံ)** ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Joss Whedon ရိုက်ကူးသည့် The Avengers ဇာတ်ကား၊ နေပြည်တော် ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Barry Sonnenfeld ရိုက်ကူးသည့် Men in Black-3 နိုင်ငံခြားဇာတ်ကားများ ဆက်လက်အောင်ပွဲခံ ပြသမည်ဖြစ်ကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။





# ကျောင်းအပ်နှံရေးနေ့ အိမ်မဲမြို့၌ ကျင်းပ

အိမ်မဲ ဇွန် ၁၄

မြောင်းမြခရိုင် အိမ်မဲမြို့နယ် တပ်တွင်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းဝင်ငွေတိုးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယအရာခံဗိုလ် ကြည်အေး (ငြိမ်း)၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကျောင်းအုပ်ကြီး ဦးထွန်းထွန်းနှင့် ဆရာ ဆရာမများ၊ မြို့မိမြို့ဖအလှူရှင်များက ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံစသည့် ကျောင်းသုံးကိရိယာများကို ကျောင်းသား ကျောင်းသူ ၁၅၄ ဦးအား ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း သဘာဝဘေးသတင်း

# ငါးဖမ်းစက်လှေတစ်စင်း ပင်လယ်အတွင်း လှိုင်းမိပြီးပျောက်ဆုံး

လပွတ္တာ ဇွန် ၁၄

လပွတ္တာမြို့နယ် ကိုင်းသောင်ကျေးရွာနေ ရေလုပ်သားများဖြစ်ကြသော ဦးဝင်းနိုင် ငါးဖမ်းစက်လှေနှင့် ဦးကျော်ထူး ငါးဖမ်းစက်လှေနှစ်စင်းသည် ဇွန် ၁၂ ရက် နံနက် ၈ နာရီက ကိုင်းသောင်ရွာမှ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာကြရာ ထိုနေ့ ည ၇ နာရီခန့်တွင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ခတ္တာကျွန်းကျေးရွာတောင်ဘက် ရေမိုင် နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်သို့ရောက်ရှိစဉ် ရုတ်တရက် လေထန် လှိုင်းကြီးလာသဖြင့် ဦးကျော်ထူး ငါးဖမ်းစက်လှေနှင့် လုပ်သားများသည် လုပ်ငန်း သိမ်းကာ ကမ်းခြေသို့ ပြန်လှည့်လာခဲ့ကြသည်။

သို့သော် ဦးဝင်းနိုင် စက်လှေနှင့် လုပ်သားများ ပြန်လည်ရောက်ရှိလာခြင်း မရှိသောကြောင့် ဦးကျော်ထူးနှင့်အဖွဲ့သည် ပြန်လည်ရှာဖွေကြစဉ် ဦးဝင်းနိုင်၏ ငါးဖမ်းပိုက်နှင့် ဘောသီးများ ရေမျောနေသည်ကို တွေ့ရှိခဲ့ကြသဖြင့် ဦးဝင်းနိုင်အပါအဝင် လုပ်သားသုံးဦးနှင့် ငါးဖမ်းစက်လှေမှာ လေထန်လှိုင်းမိပြီး နစ်မြုပ်ပျောက်ဆုံးသွားကြောင်း သိခဲ့ရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူတို့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

# လယ်ထွန်နေသည့်စာရင်းငှား မိုးကြိုးပစ်ခံရသဖြင့် သေဆုံး

ဇလွန် ဇွန် ၁၄

ဇလွန်မြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ငှက်ပျောတောကျေးရွာနေ ဦးစိန်ဟန်ဗို၏လယ်ကွင်းထဲ၌ ဇွန် ၁၂ ရက် ညနေ ၃ နာရီခန့်က လယ်စာရင်းငှား အောင်သူ ၂၅ နှစ် (ဘ-ဦးသန်းဌေး)သည် လယ်ထွန်နေစဉ် မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဇလွန် ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

## မြန်မာ့အလင်း မှုခင်းသတင်း ၁၄-၆-၂၀၁၂

ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကလေးခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ဒုတိယရဲအုပ်စိုးနောင်၊ နယ်ထိန်းခေါင်းဆောင် ဒုတိယ ရဲအုပ်ကျော်ဇေယျာလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် စောင့်ဆိုင်းနေစဉ် လှိုင်ဖြိုးဝေ(ခ) ဒုန်းဇဒါလ်စီးနင်းလာသော Kenbo ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ လှိုင်ဖြိုးဝေ၏ ဆိုင်ကယ်နောက်မှလိုက်ပါစီးနင်းလာသူ မောင်မောင်၏ ပုဆိုးခါးပုံစအတွင်း ထည့်ထားသော ပိုက်ဆံအိတ်အတွင်းမှ ပယ်နဆလင်ပုလင်းဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၀ ဒသမ ၂၅၅ ဂရမ်နှင့် ငွေစက္ကူမျိုးစုံ ကျပ် ၁၆၈၀၀ တွေ့ရှိသိမ်းဆည်းရမိသဖြင့် စစ်မေးရာ ကလေးမြို့ တပ်ဦးသီတာရပ်နေ ညီညီအောင်ဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရ၍ ညီညီအောင်အား ဖမ်းဆီးရန်သွားစဉ် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ကလေးရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၁၆၅)

အလားတူ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်တွင် ရဲအုပ်မြင့်လွင် ဦးစီးသော ပူးပေါင်းအဖွဲ့မှ တာဝန်ထမ်းဆောင်နေစဉ် မိုင်းဆတ်မြို့ဘက်မှ တာချီလိတ်မြို့ဘက်သို့ စိုင်းဆေနွမ်စိုင်း မောင်းနှင်လာသော Tena အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိုင်းဆေနွမ်စိုင်းဝတ်ဆင်ထားသော Regie တံဆိပ်ပါ အနက်ရောင် ဂျင်းဘောင်းဘီ၏ဝဲဘက် နောက်အိတ်ကပ်ငယ်အတွင်းမှ ဖယောင်းဝါရှမ်းစက္ကူဖြင့် ထုပ်ထားပြီး အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ငယ်ဖြင့် ထည့်ထားသော wy စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၂၀၀ စီပါအထုပ် ၁၀ ထုပ်၊ စုစုပေါင်းဆေးပြား ၂၀၀၀၊ ကာလတန်ဖိုး ငွေကျပ် ၅၆ သိန်း ဖမ်းဆီးရမိသဖြင့် စိုင်းဆေနွမ်စိုင်း အသက် ၂၀ နှစ် (ဘ) စိုင်းမောင်ညွန့်၊ လွယ်တော်ခမ်း ကျေးရွာ တာချီလိတ်မြို့နယ်နေသူအား တာချီလိတ် (မူးယစ်)အဖွဲ့မှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (၀၆၀)

# မြစ်ငယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

*မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းပေါ်တွင် ဇွန် ၁၃ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။*

*ဖြစ်စဉ်မှာ မြစ်ငယ်မြို့ ရန်ကင်းရပ်ကွက်နေ ကိုစိန်ဝင်း အသက် ၄၄ နှစ် (ဘ) ဦးခင်ထွန်းအား စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းပေါ်တွင် ၂က/. . . မော်တော်ယာဉ်က ဝင်ရောက်တိုက်မိစဉ် ကိုစိန်ဝင်းမှာ နေရာတွင်ပင် သေဆုံးသွားကြောင်းနှင့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ မြစ်ငယ်ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။* *(၁၅၉)*

# မြေယာကို ထိရောက်မှန်ကန်စွာအသုံးချနိုင်ရေး နည်းဥပဒေများတွင် ခိုင်ခိုင်မာမာပြဋ္ဌာန်းပေးရမည်

## နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အချိန်ကိုက်ထုတ်ပြန်နိုင်ရေး ရေးဆွဲဟော်ဆောင်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာမြေနည်းဥပဒေများ(မူကြမ်း)နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**



နေပြည်တော် ဇွန် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန် ၁၃ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် လယ်ယာမြေနည်းဥပဒေများ(မူကြမ်း)နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ (မူကြမ်း)ရေးဆွဲရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် (၃၀-၃-၂၀၁၂)ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကို လက်တွေ့အကောင်အထည်ဖော် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေများ ရေးဆွဲထုတ်ပြန်နိုင်ရန် နိုင်ငံတော်မှ ဖွဲ့စည်းပေးသည့် နည်းဥပဒေများ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီအနေဖြင့် တက်ညီလက်ညီနှင့် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်နေကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေတွင် နိုင်ငံတော်၏ မြေသယံဇာတများကို လက်တွေ့ထိရောက်စွာ အသုံးပြုပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ခြင်းအားဖြင့် လူတစ်ဦးချင်းဝင်ငွေသာမက တစ်နိုင်ငံလုံး၏ အမျိုးသားအကျိုးစီးပွား (GDP)ကို တိုးတက် စာမျက်နှာ ၉ ကော်လံ ၄ ●

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc. တို့ In-House Engineering Services အတွက် Agreement of Consulting Services လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)**

# ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc.တို့

## ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုး



နေပြည်တော် ဇွန် ၁၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc.တို့ In-House Engineering Services အတွက် Agreement of Consulting Services လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ NEWJEC Inc. , Managing Director နှင့် အဖွဲ့ဝင်များ၊ High Tech Concrete Technology Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် ဂျပန်နိုင်ငံ NEWJEC Inc., Managing Director Mr. Yukao TANAKA တို့က စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ စာမျက်နှာ ၇ ကော်လံ ၁ ❒

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

**မိုးတစ်ကြိမ်၊ နှစ်ကြိမ်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရွာရန်ရာနှုန်း ၈၀**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

ရန်ကုန် ဇွန် ၁၄

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသိဂီ မိသားစုက ငွေကျပ် သိန်း ၂၀ နှင့် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ပစ္စည်းများ၊ မေတ္တာသင်္ဂဟအနုပညာရှင်များအဖွဲ့က ငွေကျပ် သိန်း ၄၀ နှင့် အဝတ်အထည် ၁၉ ထုပ်၊ Yangon Media Group Co., Ltd. ရန်ကုန်တိုင်းမ်နှင့် Flower News ဂျာနယ်က ငွေကျပ် သိန်း ၂၀၊ ရွှေသဇင်ကုမ္ပဏီမှ ဦးစိန်သန်းက ငွေကျပ် ၁၄၁၀၀၀၀ တန်ဖိုးရှိ ဖူဂျီဆပ်ပြာပုံး ၇၀၊ ကိုင်ရိုဆောက်လုပ်ရေးနှင့် အပ်ချုပ်ဆိုင်မှ ငွေကျပ်သိန်း ၃၀၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ရှစ်သိန်းခြောက်သောင်းနှင့် လူသုံးကုန်ပစ္စည်းများ၊ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးကိုကိုက ငွေကျပ် သိန်း ၂၀၊ ပင်လုံရတနာ Development ဆောက်လုပ်ရေး ဒါရိုက်တာဦးဇော်နိုင်က ငွေကျပ် ၁၀ သိန်း၊ တော်ဝင်မြေဆောက်လုပ်ရေးကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်ဝင်းက ငွေကျပ် ၁၀ သိန်း၊ တော်ဝင်မြေစိုက်ပျိုးမွေးမြူရေး မန်နေဂျာ ဦးကျော်အေးက ငွေကျပ်ငါးသိန်း၊ ဦးကျော်နိုင်(အိမ်ခြံမြေရောင်းဝယ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးသိန်းတန် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမျိုးဝင်းအောင်-ဒေါ်ကြည်သန္တာဖြူ မိသားစုက အဝတ်အထည် တစ်ထုပ်၊ ဒေါ်စန်းစန်းအေး သားသမီးမြေးမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးညဏ်ထက်ဝင်း-ဒေါ်ရွှေစင်ဝင်း မိသားစုက စာမျက်နှာ ၉ ကော်လံ ၁ ✻

**ရခိုင်ပြည်နယ်ရှိ ပျက်စီးဆုံးရှုံးနစ်နာခဲ့ရသော ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)**